# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်　　၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့　　အတွဲ (၆၂)၊ အမှတ်(၃၄၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တနင်္သာရီတိုင်းဒေသကြီး၌ ဆီအုန်းကုမ္ပဏီပေါင်း ၃၉ ခုက ဆီအုန်းဧက ၄၀၀၀၀၀ နီးပါး စိုက်ပျိုးထား



**မြိတ် စက်တင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဆီအုန်းကုမ္ပဏီပေါင်း ၃၉ ခုက ဆီအုန်းစိုက်ဧကပေါင်း ၃၉၅၇၁၂ ဧက စိုက်ပျိုးထားနိုင်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆီအုန်းစိုက်ပျိုးအောင်မြင်နိုင်သည့် တနင်္သာရီတိုင်းဒေသကြီး၏ ရေ၊ မြေ၊ ရာသီဥတုကြောင့် ပြည်တွင်းသာမက ပြည်ပကုမ္ပဏီများက ဆီအုန်းစိုက်ပျိုးမှုအတွက် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ခန့်မှ စတင်ကာ ဆီအုန်းစိုက်ပျိုးမှု စတင်ခဲ့ခြင်းဖြစ်သည်။

"၂၀၂၃ ဧပြီလမှ ကောက်ယူထားတဲ့ စာရင်းများအရဆိုရင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နဲ့ ကော့သောင်းခရိုင်တွေမှာ ဆီအုန်းစိုက်ကေပေါင်း ၃၉၅၇၁၂ ကေရှိပါတယ်။ ဆီသီးခိုင်ခူးနိုင်တဲ့ကေက ၁၈၃၃၇၂ ကေရှိတယ်။ တစ်ကေအထွက်နှုန်းကတော့ ၂ ဒသမ ၇၄ တန် ထွက်ရှိပါတယ်။

*စာမျက်နှာ ၅ ကော်လံ ၄* ❍


**ယနေ့ ဖတ် စ ရာ**

**ပညာအခြေခံခိုင်မာသော နိုင်ငံရေးအဆောက်အဦသစ်ဆီသို့ . . .** ဆောင်းပါး စာ ၁၀

**ကချင်ပြည်နယ်မှ MSME လုပ်ငန်းဖြစ်သည့် ကချင်ရိုးရာ အထည်ရက်လုပ်ငန်း**



သေးငယ်လတ်စီးပွားရေးလုပ်ငန်း စာ ၁၂

**တရုတ်နိုင်ငံ ပေကျင်းမြို့၌ (၁၈) ကြိမ်မြောက် ကမ္ဘာ့ရေညီလာခံစတင်** နိုင်ငံတကာသတင်း စာ ၁၃


# ထိုင်းနိုင်ငံသို့ MoU U-turn စနစ်ဖြင့် အလုပ်သမားစေလွှတ်နိုင်ရေး မြဝတီမြို့နှင့် ကော့သောင်းမြို့တို့တွင် One Stop Service စနစ်ဖြင့် စခန်းများ စတင်ဖွင့်လှစ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်အရ သက်တမ်း လေးနှစ်ပြည့်ပြီးသည့် Passport သက်တမ်း နှစ်နှစ်နှင့်အထက် သက်တမ်းကျန်ရှိနေသော အလုပ်သမားများကို နယ်စပ်ဂိတ်များမှတစ်ဆင့် MoU U-turn စနစ်ဖြင့် ထိုင်းနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက် လုပ်ကိုင်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့နယ် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ် (၂) နှင့် ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက် ရွှေဝက်ဝံရေခဲစက်ဝင်းအတွင်းတို့၌ One Stop Service စနစ်ဖြင့် လုပ်ငန်းစဉ်များ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

**One Stop Service-OSS ဖြင့် ဆောင်ရွက်ပေးမည်**

ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ထိုင်းနိုင်ငံတွင် နေထိုင်လုပ်ကိုင်လျက်ရှိသည့် MoU သက်တမ်း လေးနှစ်ပြည့် အလုပ်သမားများကို ထိုင်းနိုင်ငံသို့ အချိန်တိုအတွင်း ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ် (OWIC) ရိုက်နှိပ်ခြင်းများကို မြဝတီမြို့နှင့် ကော့သောင်းမြို့တို့တွင် One Stop Service-OSS ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၄* ✳

# နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီး စုဆောင်းရေး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့တွင် အရေးကြီးသည့် လိုအပ်ချက်တစ်ရပ်မှာ နည်းပညာဖြစ်သည်။ သို့ရာတွင် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသည့် နိုင်ငံတို့အနေဖြင့် ပညာရေးနှင့် သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု လုံလောက်စွာ မပြုလုပ်နိုင်ကြသည့်အလျောက် နည်းပညာပိုင်းတွင်လည်း ချို့တဲ့ကြသည်။ ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံတွင် ကုန်ထုတ်လုပ်နိုင်စွမ်း မြင့်မားရေးအတွက် လိုအပ်သော နည်းပညာရရှိနိုင်ရန်မှာ “ အရင်းအနှီးစုဆောင်းမှု” ကို ကနဦးပြုလုပ်ကြရမည်ဖြစ်ပြီး ယင်းအတွက် အားထုတ်ရန်းကန်ကြရကြောင်းကို အမေရိကန်၊ ယူကေ၊ ဂျပန်၊ ဥရောပနိုင်ငံများ ဖွံ့ဖြိုးမှု မရရှိမီကာလများအား ရည်ညွှန်း၍ ပညာရှင်များက မိန့်ဆိုထားသည်။

နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အရင်းအနှီးရရှိရန် ဆင်းရဲနွမ်းပါးသည့် အခြေအနေများကြားမှပင် နည်းမျိုးစုံဖြင့် ကြိုးပမ်းရှာဖွေစုဆောင်းရမည့် အချက်သည် မဖြစ်မနေ ဆောင်ရွက်ရမည့် အချက်ဖြစ်ပြီး အမျိုးသားဝင်ငွေ၏ ရာခိုင်နှုန်းအချို့ကို စုဆောင်းခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်အကြောင်းအရာများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်ရန်လိုအပ်သည်ဟုလည်း ဆိုသည်။ ဆင်းရဲသောနိုင်ငံများအဖို့ အရင်းအနှီးစုဆောင်းရန်ဟူသော အချက်သည် ခက်ခဲနိုင်သည်ဟု ယူဆကြရမည်ဖြစ်သော်လည်း အစိုးရအနေဖြင့် ထိရောက်သော အခွန်ကောက်ခံမှုစနစ်ကို ကျင့်သုံးရန်၊ ထိရောက်သော ဘဏ္ဍာရေးအဆောက်အအုံများ ဖွဲ့စည်းတည်ဆောက်ရန်၊ ပုဂ္ဂလိကအရင်းအနှီးများကို ထိရောက်စွာ စုစည်းရန်တို့အပြင် ပြည်သူလူထုအတွင်း၌လည်း စုဆောင်းလိုသည့် စိတ်ဓာတ်မြင့်မားလာအောင် မြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံလာအောင် ဆွဲဆောင်ရန်လိုသည်ဟု ဆိုသည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်များ မြှင့်တင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုများ မြင့်မားရေး၊ နည်းပညာနှင့် ကျွမ်းကျင်မှုများရယူရေး၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများတည်ဆောက်ရေး စသည့်လုပ်ငန်းများကို စုဆောင်းရရှိလာသည့် အရင်းအနှီးများမှ ထိထိရောက်ရောက် အသုံးပြုလုပ်ကိုင်ခြင်းဖြင့် စီးပွားရေးရှန်းထနိုင်သည့်အားကို ရရှိနိုင်မည်ဖြစ်သည်။ ခွန်အားစိုက်ထုတ်၍ ကြိုးပမ်းရှာဖွေခြင်း၊ ခြိုးခြံချွေတာစုဆောင်းခြင်းဖြင့် အရင်းအနှီးရရှိပြီး ယင်းမှတစ်ဆင့် မိမိနိုင်ငံနှင့် ကိုက်ညီသင့်တော်မည့် နည်းပညာ၊ အတတ်ပညာများကို ရယူနိုင်သည်။ တစ်နည်းအားဖြင့် ငွေရှိပါက နည်းပညာကို ဝယ်ယူရရှိနိုင်သလို သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပြီး ကိုယ်ပိုင်နည်းပညာများလည်း ရှာဖွေဖော်ထုတ်နိုင်သည်။ ယင်းမှတစ်ဆင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်ကြရခြင်းဖြစ်သည်။

လက်ရှိမိမိတို့နိုင်ငံ၏ လူတစ်ဦးချင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအောက်များစွာနိမ့်ကျလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍတွင် မြေတစ်ဟက်တာချင်းအလိုက် ထုတ်လုပ်နိုင်စွမ်းယှဉ်ရာတွင် လည်းကောင်း၊ တောင်သူတစ်ဦးချင်းအလိုက် ထုတ်လုပ်နိုင်စွမ်းယှဉ်ရာတွင်လည်းကောင်း နိမ့်ကျသကဲ့သို့ အခြားကဏ္ဍအသီးသီးတို့တွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ မြေတစ်ဟက်တာချင်း ထုတ်လုပ်မှု၊ တောင်သူတစ်ဦးချင်း ထုတ်လုပ်မှုတို့ ကွာဟချက်မှာ နည်းပညာကွာဟချက်ကြောင့်ပင်ဖြစ်သည်။ နည်းပညာနိမ့်ကျ၍ ထုတ်လုပ်နိုင်စွမ်း နိမ့်ကျခြင်းကြောင့် ဝင်ငွေတွင်လည်း နိမ့်ကျသည့် အခြေအနေသို့ ဆိုက်ရောက်သွားရသည်။ အခြားစက်မှုကုန်ထုတ်လုပ်ငန်းများတွင်လည်း ထိုနည်းတူစွာပင် နည်းပညာနိမ့်ကျခြင်းကြောင့် အရည်အသွေးအရရော၊ အရေအတွက်အရပါ နိမ့်ကျကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းလည်း မရှိလောက်အောင် ချည့်နဲ့ကြရသည်။

နိုင်ငံ၏စီးပွား ဖွံ့ဖြိုးတိုးတက်မှုသည် ကြိုးပမ်းအားထုတ်အလုပ်လုပ်၍ အရင်းအနှီးရှာဖွေစုဆောင်းရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် စွမ်းဆောင်မှုတို့ မြှင့်တင်ခြင်းတို့မှ အစပြု၍ တစ်ဆင့်ပြီးတစ်ဆင့်၊ မြင့်သည်ထက်မြင့်အောင် ရေရှည်ဆောင်ရွက်ကြမှသာ ရရှိနိုင်မည်ဖြစ်သည့်အလျောက် ကြိုးပမ်းစွမ်းဆောင်ကြရပါမည့်အကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်း၍ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် မက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများ၊ နေပြည်တော် ကောင်စီရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



**ရှင်းလင်းဆွေးနွေး**

ဦးစွာ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အရာထမ်း၊ အမှုထမ်းများ မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

**လွယ်ကူစွာ မဲပေးနိုင်ခဲ့**

Myanmar Electronic Voting Machine (MEVM) စက်ကို ပြည်တွင်း နည်းပညာရှင်များက မြန်မာနိုင်ငံ အခြေအနေနှင့် လျော်ညီစွာ တည်ဆောက်ထားခြင်းဖြစ်ရာ အသုံးပြုသူ မဲဆန္ဒရှင်များအနေဖြင့် လွယ်ကူရိုးရှင်းစွာ မဲပေးဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၌ မဲဆန္ဒရှင်အသိပညာပေးအနေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ရှင်းလင်း ဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများတွင်လည်း စမ်းသပ်မဲပေးခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် အခက်အခဲမရှိ လွယ်ကူလျင်မြန်စွာ မဲပေးဆောင်ရွက်နိုင်ခဲ့ကြပြီး စက်နှင့်စပ်လျဉ်း၍ ချွတ်ယွင်းချက်တစ်စုံတစ်ရာမျှ ပေါ်ပေါက်ခဲ့ခြင်းမျိုး မရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ဘွဲ့လွန်သင်တန်းသား သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန်များ သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူခြင်း၊ ပညာပေးခြင်းနှင့် အခမဲ့ကုသမှုပေးခြင်းများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၁**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်၏လမ်းညွှန်မှု၊ ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေး ပညာဌာနမှ ပါမောက္ခ/ဌာနမှူးဦးဆောင်မှုတို့ဖြင့် ဘွဲ့လွန်သင်တန်းသား သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန်များ ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက်အတွင်းရှိ အမှတ် (၆) အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူ ၄၀ ကို သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူခြင်း၊ ကျောင်းသား ကျောင်းသူ ၁၂၆ ဦးကို သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူ ၆၀၁ ဦးတို့အား သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေး၍ သွားနှင့်ခံတွင်း ဝေဒနာရှင် ၁၁၀ တို့ကို အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# လာမည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များအပြင် လူကုန်ကူးမှုတိုက်ဖျက်နှိမ်နင်းမည့် နည်းလမ်းများ ထည့်သွင်းရေးဆွဲ



နေပြည်တော် စက်တင်ဘာ ၁၁

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၃) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာ ခန်းမ၌ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ Online မှ တက်ရောက်ကြသည့် အဖွဲ့ဝင်များ စုစုပေါင်း ၄၇ ဦး တက်ရောက်ကြသည်။**

**အလေးအနက်ထားဆောင်ရွက်**

ဦးစွာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများအရ လူမှုကွန်ရက်အပါအဝင် နည်းပညာများကို အလွဲသုံးပြီး နိုင်ငံရေး မတည်မငြိမ်ဖြစ်ပေါ်စေရန် လှုံ့ဆော်ဖန်တီးမှုများရှိနေပါကြောင်း၊ လူကုန်ကူးမှု အပါအဝင် ပြစ်မှုကျူးလွန်သူများသည် Online မှတစ်ဆင့် ကျူးလွန်လာကြသည်ကို တွေ့မြင်နေရကြောင်း၊ မြန်မာနိုင်ငံသည် Online ကို အသုံးပြု၍ ငွေကြေးလိမ်လည်မှုဖြစ်စဉ်များတွင် အဓမ္မစေခိုင်းမှုများကို လတ်တလော ရင်ဆိုင်ကြုံတွေ့နေရပြီး အခြားနိုင်ငံသားများလည်း အဆိုပါဖြစ်စဉ်များတွင် ပါဝင်လာသည့်အတွက် တားဆီးထိန်းချုပ်နိုင်ရန် အလေးအနက်ထား ဆောင်ရွက်ရန်လိုကြောင်း၊

**ပြန်လည်လွှဲပြောင်း**

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာပြီး အခက်အခဲမျိုးစုံ ကြုံတွေ့နေရသော နိုင်ငံခြားသားများကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ သံရုံးများနှင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ ဆက်သွယ်မှု လမ်းကြောင်းတို့မှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့် ပတ်သက်၍လည်း ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လူကုန်ကူးမှု၊ အတင်းအဓမ္မစေခိုင်းမှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများနှင့် စပ်လျဉ်းပြီး ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးတွင် သဘောတူညီမှုများအရ မြန်မာ-တရုတ် - ထိုင်း သုံးနိုင်ငံအကြား စစ်ဆင်ရေးကို ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် အခြေပြုဆောင်ရွက်ခဲ့ပြီး Online ငွေကြေးလိမ်လည်သည့်လုပ်ငန်း (Online Scam) လုပ်ကိုင်နေမှုများနှင့် ပတ်သက်ပြီး စစ်ဆေးမှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် အင်တာပိုလ် (INTER-POL) နှင့် အာဖရိကရဲအဖွဲ့ (AFRI-POL)တို့ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ် (Operation FLASH -WEKA) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကို ပြန်လည်သုံးသပ် အကဲဖြတ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငါးနှစ်စီမံကိန်းများ ချမှတ်ပြီး မျှော်မှန်းရလဒ် ပြည့်မီအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အောင်မြင်မှုအကျိုးရလဒ်တစ်ခုရသည်အထိ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နှစ်စဉ်ရေးဆွဲသည့် လုပ်ငန်းစီမံချက်များကို ကြည့်လျှင် ၂၀၂၂ ခုနှစ်အတွင်း၌ လုပ်ငန်းစီမံချက် တစ်ခုလုံး၏ ၈၆ ရာခိုင်နှုန်းသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်လုပ်ငန်းစဉ်အားလုံးကို ရာနှုန်းပြည့်အောင် ဆောင်ရွက်နိုင်ရေးနှင့် အကျိုးရလဒ်ရရှိသည်အထိ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများအကြား အလေးထား ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ယခုလာမည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက် ရေးဆွဲရာတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များအပြင် လူကုန်ကူးမှု တိုက်ဖျက်နှိမ်နင်းမည့် နည်းလမ်းများကို ထည့်သွင်းရေးဆွဲသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။ **(အပေါ်ပုံ)**

**အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များက လူကုန်ကူးမှု တားဆီးကာကွယ် တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပုံစံသစ်များကို တိုက်ဖျက်ရာ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို အကောင်းဆုံးဖြေရှင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အဖွဲ့ဝင်များအနေဖြင့် အကျိုးရလဒ်များ ထွက်ပေါ်လာသည်အထိ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၁) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများအဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇) ကြိမ်မြောက် ဂုဏ်ထူးဆောင်ဟောပြောပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့က ကြီးမှူး၍ (၃၁)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများအဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇)ကြိမ်မြောက် ဂုဏ်ထူးဆောင်ဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Grand Aster Villa Hotel ရှိ Jade Ballroom ၌ ကျင်းပသည်။



အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Federation of Engineering Institute of Asia and Pacific (FEIAP) (ဖီးယက်ပ်) အဖွဲ့ဝင် အာရှနှင့် ပစိဖိတ်ဒေသတွင်း အင်ဂျင်နီယာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ FEIAP(ဖီးယက်ပ်)၏ လက်ရှိ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ဝင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ပေးပို့သော Video clip ကိုဖွင့်လှစ်၍ အခမ်းအနားကို စတင်သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် ၂၀၁၆ ခုနှစ်တွင် FEIAP (ဖီးယက်ပ်) အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံရပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်သည် ၂၀၁၉ ခုနှစ်တွင် FEIAP (ဖီးယက်ပ်) ၏ တွဲဖက်အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံခဲ့ရပါကြောင်း၊ အချိန်တိုအတွင်းတွင် (၃၁) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများအဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇) ကြိမ်မြောက် ဂုဏ်ထူးဆောင် ဟောပြောပွဲအခမ်းအနားကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

FEIAP (ဖီးယက်ပ်) သည် အာရှနှင့်ပစိဖိတ်ဒေသရှိ နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ပံ့ပိုးပေးရန်အတွက် ကောင်းမွန်သော အင်ဂျင်နီယာ အလေ့အကျင့်များကို မြှင့်တင်ရန်နှင့် အာရှနှင့်ပစိဖိတ်ဒေသရှိ အဖွဲ့ဝင်နိုင်ငံများအကြား အင်ဂျင်နီယာဆိုင်ရာ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အကြံဉာဏ်များ ဖလှယ်ခွင့်ရရှိစေရန် ရည်ရွယ်ပြီး ဖွဲ့စည်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

အင်ဂျင်နီယာပညာရပ်များတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုသည် ဆောက်လုပ်ရေးလုပ်ငန်း၏ အနာဂတ်အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်၍ FEIAP (ဖီးယက်ပ်) အထွေထွေညီလာခံမှ ပံ့ပိုး အကောင်အထည်ဖော်ရန် လိုပါကြောင်း။

ယခုကျင်းပသည့် ညီလာခံနှင့် ဟောပြောပွဲတွင် ပါဝင်ဆွေးနွေးသည့် ဟောပြောသူ၊ စာတမ်းဖတ်ကြားသူ အင်ဂျင်နီယာများစွာ၏ ကြိုးပမ်းအားထုတ်မှုများအတွက် အသိအမှတ်ပြု ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် တီထွင်ဆန်းသစ်မှုများအား ဆက်လက်၍ လုပ်ဆောင်ကြရန် တိုက်တွန်းအားပေးလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ညီလှငယ်နှင့် FEIAP(ဖီးယက်ပ်) ဥက္ကဋ္ဌ(ကိုယ်စား) Professor Mr . Huang Wei တို့က အမှာစကားများ ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်ကျော်မြတ်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်မြင့် တို့က (၃၁) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများ အဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇) ကြိမ်မြောက် ဂုဏ်ထူးဆောင် ဟောပြောပွဲ ကျင်းပရခြင်းနှင့် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းတင်ပြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ညီလာခံ ဒုတိယပိုင်းကို Diamond Hall 1 တွင် ကျင်းပရာ ညီလာခံသို့ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် စာတမ်းများ ဖတ်ကြားဆွေးနွေးခြင်း၊ ဟောပြောခြင်း၊ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် ညီလာခံသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာ ဦးစီးဌာနမှ မြန်မာ့ယဉ်ကျေးမှုအနုပညာဖြင့် ဂုဏ်ပြုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အတူ ယနေ့ နံနက် ၁၀ နာရီခွဲက ဇန်းမော်မြို့နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်ကြသည်။



**ပေါင်းစပ်ဆောင်ရွက်ပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် ဇန်းမော်မြို့ ညောင်ပင်ရပ်ကွက်ကမ်းနားရှိ ပိုင်ရှင်ဦးရိုး၏ နေမင်းဆီစက်နှင့် ဇန်းမော်ပဲဆီသန့်ရောင်းဝယ်ရေးလုပ်ငန်း၌ တန် ၂၀ ကျဆီစက် လည်ပတ်ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် ဇန်းမော်မြို့ သာစည်ရပ်ကွက်အတွင်းရှိ ပိုင်ရှင် ဦးရီခမ်း၊ ဒေါ်အေးငင်းတို့၏ ဇန်းမော်ဒေသထွက် ချဉ်စော်ကားသီး ထုတ်လုပ်သည့် ရှမ်းမလေးယိုစုံနှင့် ဝိုင်လုပ်ငန်း ဆောင်ရွက်နေသည့်နေရာ၌ ချဉ်စော်ကားသီးဖြင့် ယိုစုံထုတ်လုပ်နေမှုနှင့် အချဉ်ဖောက်၍ ဝိုင်ထုတ်လုပ်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးမြင့် ထုတ်ကုန်တစ်ခုအဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်တစ်ခုအဖြစ် ရည်ရွယ်ထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ဇန်းမော်မြို့ ဟန်းတဲရပ်ကွက် ဖန်ခါးကုန်းအတွင်းရှိ စိန်သုံးလုံးဆန်စက်၌ တန် ၆၀ ကျဆန်စက်နှင့် စပါးအခြောက်ခံစက်လည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ အဆိုပါရပ်ကွက်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့်နည်းပညာတက္ကသိုလ် အဝင်လမ်း အရှည်ပေ ၁၀၀၀၊ အကျယ် ၁၈ ပေရှိ ကွန်ကရစ်လမ်းသစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ပံ့ပိုးကူညီပေး**

ထိုမှတစ်ဆင့် ဇန်းမော်မြို့ (၃) မိုင် ရွှေပြည်သာရပ်ကွက်ရှိ စိန်သရဖူ ဆန်စက်၌ တန် ၁၀၀ ကျ စိန်သရဖူ ဆန်စက်လည်ပတ်ထုတ်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်က ဇန်းမော်မြို့သည် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းတို့ဖြင့် ဆက်သွယ် သွားလာနိုင်သည့် ဒေသဖြစ်သည့်အပြင် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သဖြင့် MSME လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်စေခြင်းဖြင့် အချိန်တိုအတွင်း တိုးတက်မှုမြန်ဆန်လာမည့် ဒေသတစ်ခုဖြစ်ကြောင်း ပြောကြားပြီး ထုတ်ကုန်များ အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရေးနှင့် နည်းပညာ၊ စက်ကိရိယာများ ပံ့ပိုးကူညီပေးသွားနိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း လွိုင်ကော်မြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းသည် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် လွိုင်ကော်မြို့ မိုင်းလုံးရေစက်ရုံသို့ ရောက်ရှိပြီး အဆင့်မြင့်တိုးချဲ့ဆောင်ရွက်နေသော တစ်နေ့လျှင် ရေဂါလန် ၂၅ သိန်း စစ်နိုင်သည့် (Slow Sand Fitter) အနှေးသဲရေစစ်ကန်တည်ဆောက်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများနှင့် ပြည်နယ်ဝန်ကြီးချုပ်က အနှေးသဲရေစစ်ကန် တည်ဆောက်ရခြင်းနှင့် လုပ်ငန်းများပြီးစီးပါက ပြည်သူများအကျိုးပြုနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် ပန်းနံ့သာလမ်း ကျောက်စီရေမြောင်း တည်ဆောက်ခြင်းနှင့် မိုင်းလုံးရွာဟောင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုကို ဖြည့်စွက်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ၁၂ ဖွဲ့အတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ပြည်နယ်အတွင်း တိုင်းရင်းသားပွဲတော်များ ကာလအလိုက်ကျင်းသွားမည့် အစီအစဉ်များ၊ ရပ်ရွာအတွင်း လမ်းတံတားလိုအပ်ချက်များနှင့် ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) ရေနံမြေ လုံခြုံရေးတပ်ဖွဲ့ခွဲ နောက်တန်းရုံး (ရွှေတောင်) မှ ရဲမှူးတင့်ဆွေ ဦးစီးတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၆ ရက်က ဝစကြာဘုရားနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံ၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဌေးပုံတို့က တပ်ဖွဲ့ဝင်များကို အာဟာရဖြည့် အစားအစာများ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးနှင့် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက် ပဓာနနာယကဆရာတော်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါရိန္ဒ အရှင်သူမြတ်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားရာ ဆရာတော်ကြီးက ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကျိုက်မရော ဆုတောင်းပြည့် ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဘုရားကြီးအား ရွှေဆိုင်းတော်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျိုက်မရော ဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ်အတွင်း သမိုင်းဝင်ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများ၊ ရှေးဟောင်းကျောက်စာများ၊ သမိုင်းဝင် ရှေးဟောင်းသာသနိကအဆောက်အဦများနှင့် ရှေးဟောင်းနံရံဆေးရေးပန်းချီများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ မော်လမြိုင်မြို့ တောင်ရိုးတန်းတွင် တည်ထားကိုးကွယ်တော်မူသည့် သမိုင်းဝင် ကျိုက်သလွံ စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ပဋ္ဌာန်းဓမ္မာရုံ၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကာ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် မဟာသုခိတာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ပြည်နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကောလိယ ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကျိုက်သလွံ စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ မြေထိန်းနံရံတံတိုင်းပေါ်ရှိ မြန်မာမှု စိန်တောင်များ၊ ဘုရားတန်ဆောင်းများ၊ ရှေးဟောင်းသာသနိကအဆောက်အဦများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံစာရေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသင်းဥက္ကဋ္ဌ/အတွင်းရေးမှူးများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ဗဟိုအမှုဆောင် ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ/အတွင်းရေးမှူးများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး) နှင့် ဦးမြတ်စိုး (မြတ်စိုး-လှိုင်)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ - ကြို့ပင်ကောက်) နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြို့နယ်အမှုဆောင်ကော်မတီဝင်များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူးက စည်းရုံးရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ **သတင်းစဉ်**

○ *ရွှေဖုံးမှ*

စုစုပေါင်း ဆီသီးခိုင်ထွက်ရှိမှုကတော့ ၅၀၂၈၂၅ တန် ထွက်ရှိပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီပေါင်း ၃၉ ခုနှင့် ပုဂ္ဂလိကခြံရှင် ၄၀ နီးပါးခန့်ရှိပြီး ထွက်ရှိလာသည့် ဆီသီးခိုင်အများစုကို ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ဆီကြိတ်စက်များသို့ သွားရောက်ရောင်းချရသဖြင့် အလေအလွင့်များနှင့် ကုန်ကျစရိတ်များပြားကြောင်းနှင့် ယခုလက်ရှိတွင် ဆီသီးခိုင်ဈေးနှုန်းမှာ တစ်တန်လျှင် ငွေကျပ် ၃၃၀၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

မြိတ်မြို့နယ်အတွင်း ဆီအုန်းစိုက်ပျိုးလုပ်ကိုင်နေသူတစ်ဦးက "ကျွန်တော်တို့ခြံက ထွက်ရှိတဲ့ ဆီသီးခိုင်တွေကို တောင်ဒဂုံစက်ရုံမှာ သွားရောက်ရောင်းချနေရတယ်။ ဆီအုန်းစိုက်ပျိုးမှုက လက်ရှိမှာ တွက်ခြေကိုက်ပေမယ့် ထွက်ရှိလာတဲ့ ဆီသီးခိုင်တွေ သွားရောက်ရောင်းချရတာဝေးတော့ စရိတ်ကုန်ကျမှုနဲ့ အလေအလွင့်တွေရှိပါတယ်။ မြိတ်ခရိုင်အတွင်းမှာသာ ဆီကြိတ်နဲ့ဆီချောစက်ရုံတွေ ရှိမယ်ဆိုရင် ကျွန်တော်တို့ ခြံရှင်တွေအတွက် ပိုအဆင်ပြေလာနိုင်ပြီး ဝင်ငွေလည်း တိုးပွားလာနိုင်ပါတယ်"ဟု ပြောသည်။

ဒေသခံတောင်သူများနှင့်ကုမ္ပဏီများအနေဖြင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်ပါက ဆီအုန်းစတင်စိုက်ပျိုးချိန်မှစ၍ ငါးနှစ်ခန့်အကြာတွင် စီးပွားဖြစ် စတင်ဆွတ်ခူးနိုင်မည်ဖြစ်ပြီး သုံးနှစ်အကြာတွင် အရင်းကျေကာလတစ်ခုကို ရောက်ရှိကာ နောက်ထပ်နှစ်ပေါင်း ၂၀ ကျော်ကြာသည်အထိ ဆီသီးခိုင်များထုတ်လုပ်နိုင်မည်ဖြစ်၍ ရေရှည်ဝင်ငွေရရှိမည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီကြိတ်စက်ရုံများတည်ရှိမှုမှာ ထားဝယ်ခရိုင်တွင် တစ်ခု၊ မြိတ်ခရိုင်တွင် တစ်ခု၊ ဘုတ်ပြင်းခရိုင်တွင် နှစ်ခုနှင့် ကော့သောင်းခရိုင်တွင် နှစ်ခု စုစုပေါင်းဆီကြိတ်စက်ရုံ ခြောက်ခုရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့်ဒေသမှာ တနင်္သာရီတိုင်းဒေသကြီးတစ်ခုတည်းသာရှိသောကြောင့် မြိတ်ခရိုင်၌ ဆီကြိတ်စက်ရုံနှင့် ဆီချောစက်ရုံ၊ ကော့သောင်းခရိုင်၌ ဆီချောစက်ရုံများ ဖြစ်ပေါ်လာရန် ကုမ္ပဏီများနှင့် ဒေသခံဆီအုန်းစိုက်ပျိုးသူခြံရှင်များက မျှော်လင့်နေကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



✳ *ရွှေဖုံးမှ*

မြဝတီမြို့နှင့် ကော့သောင်းမြို့တို့တွင် One Stop Service (OSS)ဖြင့် OWIC ထုတ်ပေးရေး ဆောင်ရွက်ရာတွင် အချိန်နှောင့်နှေးကြန့်ကြာမှု မရှိစေရန် မြန်မာနိုင်ငံဘက်သို့ ရောက်ရှိပြီး အချိန်တိုအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်၍ ယင်းနေ့အတွင်း ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန်အတွက် ရည်ရွယ် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည်မြို့ ခုတင်(၅၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို စက်တင်ဘာ ၁၁ ရက်က တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုစိုး(ပြည်)**



# ကျွန်တော့်မိသားစုရဲ့နှလုံးသားထဲမှာ မြန်မာနိုင်ငံဟာ တကယ့်ကို အထူးတလည်နေရာတစ်ခု အမြဲဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော်ဒီကိုလာတာဖြစ်တယ်

(Sputnik **သတင်းအေဂျင်စီမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးညွှန်ကြားရေးမှူး မစ္စတာ ဗာဆီလီပုရှ်ကော့ဗ်နှင့် တွေ့ဆုံခြင်း**)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sputnik အေဂျင်စီ၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး မစ္စတာ ဗာဆီလီပုရှ်ကော့ဗ် (Mr. Vasily Pushkov)သည် မြန်မာနိုင်ငံသို့ရောက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ The Global New Light of Myanmar သတင်းစာနှင့် Sputnik Information Agency တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ကို စက်တင်ဘာ ၅ ရက်တွင် နေပြည်တော်၌ ချုပ်ဆိုခဲ့ပါသည်။ မြန်မာနိုင်ငံ၌ မစ္စတာ ဗာဆီလီပုရှ်ကော့ဗ် ရောက်ရှိနေစဉ်အတွင်း သူနှင့်တွေ့ဆုံကာ သူ့ခရီးစဉ်အကြောင်း၊ မီဒီယာအကြောင်း၊ မြန်မာ-ရုရှား ဆက်ဆံရေးအကြောင်းနှင့် မြန်မာနိုင်ငံအပေါ် သူ၏အမြင်များကို မေးမြန်းခဲ့ပါသည်။ သူနှင့်အင်တာဗျူးအမေးအဖြေ အပြည့်အစုံကို ဖော်ပြလိုက်ပါသည်။



မစ္စတာ ဗာဆီလီပုရှ်ကော့ဗ်

**မေး ။ ။ ခင်ဗျားရဲ့ မြန်မာနိုင်ငံခရီးစဉ် ရည်ရွယ်ချက်ကို ပြောပြနိုင်မလား။**

**ဖြေ ။** ။ ကျွန်တော့်ရဲ့ဒီခရီးက တကယ့်ကို အထူးပြုခရီးတစ်ခုပါ။ တကယ်တမ်းတော့ ရည်ရွယ်ချက်တစ်ခုပါ။ နောက်ဆုံးတော့ ကျွန်တော်ဟာ မြန်မာနိုင်ငံက မိတ်ဖက်အသစ်ဖြစ်တဲ့ The Global New Light of Myanmar သတင်းစာနဲ့ ပူးပေါင်းဆောင်ရွက်မှုအသစ်တစ်ခု လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ မီဒီယာအုပ်စုအတွက် ဒါဟာအရေးကြီးတဲ့ အခါသမယပါ။ ဒီရည်ရွယ်ချက် တစ်ခုတည်းနဲ့ မြန်မာကို ကျွန်တော်လာဖို့ ဆုံးဖြတ်ခဲ့တာပါ။

**မေး ။ ။ လက်မှတ်ထိုးတဲ့ပွဲမှာ ခင်ဗျားကို တွေ့လိုက်ရပါတယ်။ လက်မှတ်ရေးထိုးပြီးတဲ့နောက် ဘယ်လိုခံစားရပါသလဲ။**

**ဖြေ ။** ။ ကျွန်တော် အလွန့်အလွန်ကို အကောင်းမြင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ မိတ်ဖက်အသစ်နဲ့ စကားစပြောကြည့်တဲ့အချိန်မှာ ကျွန်တော်တို့ဟာ ခံယူချက်ချင်းတူသလား၊ မတူဘူးလားဆိုတာ ချက်ချင်းသိနားလည်ခဲ့ရတယ်။ အဲဒီနေ့ အခမ်းအနားမှာ ကျွန်တော်ပြောခဲ့သလိုပါပဲ။ ကျွန်တော်တို့ဟာ တူညီတဲ့ ပြဿနာတွေနဲ့ တွေ့ကြုံနေကြရတယ်။ ကျွန်တော်တို့မှာ စိန်ခေါ်မှုချင်း တူနေကြတယ်။ ပြီးတော့ ကျွန်တော်တို့မှာ တူညီတဲ့ ရည်မှန်းချက်နဲ့ တန်ဖိုးတွေရှိနေကြပါတယ်။ အဲဒါကြောင့် ဒီပူးပေါင်းဆောင်ရွက်မှုကို ရှေ့တိုးဆောင်ရွက်ဖို့ ကျွန်တော်တို့အတွက် ဘာအခက်အခဲမှ မရှိဘူးလို့ယခု ကျွန်တော်တွေ့မြင်လိုက်ရတယ်။ အခုအခါ ကျွန်တော်တို့ လုပ်ရမယ့်ကိစ္စတွေက အကောင်းဆုံးနည်းလမ်းနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့၊ အကောင်းဆုံးနည်းလမ်းနဲ့ ထောက်ပံ့ပို့ဆောင်ရေးတွေလုပ်ဖို့။ အဲဒီကနေ ကျွန်တော်တို့ သူ့အလိုလိုကို တိုးတက် ဖွံ့ဖြိုးလာမယ်လို့ ကျွန်တော်ထင်ပါတယ်။

**မေး ။ ။ The Global New Light of Myanmar က မြန်မာနိုင်ငံမှာ ခင်ဗျားရဲ့ ပထမဆုံး မိတ်ဖက်မီဒီယာလား။**

**ဖြေ ။** ။ မီဒီယာပုံစံအရ ဆိုရင်တော့ ဟုတ်တယ်လို့ ဖြေရမယ်။ ကျွန်တော်တို့ဟာ မြဝတီနဲ့ လက်တွဲလုပ်နေပါတယ်။ ဒါပေမယ့် ပူးပေါင်းဆောင်ရွက်မှုပုံစံက နည်းနည်းလေးတော့ ကွာတယ်။ ဆောင်ရွက်မှုပုံစံအနေနဲ့ ပြောရရင်တော့ ခင်ဗျားတို့က မြန်မာနိုင်ငံမှာ ပထမဆုံး မိတ်ဖက်ပဲဖြစ်ပါတယ်။

**မေး ။ ။ ဘာဖြစ်လို့ GNLM နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ခင်ဗျားတို့ ဆုံးဖြတ်ခဲ့တာလဲ။**

**ဖြေ ။** ။ တကယ်တမ်းတော့ မြန်မာမီဒီယာနဲ့ ပတ်သက်လို့ ကျွန်တော်ကိုယ်တိုင်က သိပ်ပြီး မနှံ့စပ်လှပါဘူး။ အဲဒါကြောင့် လူတော်တော်များများနဲ့ စကားပြောဆိုဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ရုရှားသံရုံးက လုပ်ဖော်ကိုင်ဖက်တွေဆီကလည်း ကောင်းမွန်တဲ့ အကြံဉာဏ်တွေ ရခဲ့တယ်။ GNLM ဟာ ကျွန်တော်တို့အတွက် အင်မတန်မှ သင့်တော်တဲ့ မိတ်ဖက်လို့ သူတို့အားလုံးက ပြောကြတယ်။ အဲဒီအပြင် အဖွဲ့အစည်းနှစ်ခုစလုံးဟာ ရည်မှန်းချက်တွေ တူညီကြပြီး တူညီတဲ့ လုပ်ငန်းလည်ပတ်မှုနည်းနာတွေရှိကြတယ်လို့လည်း သူတို့က အခြေခံကျကျ ပြောဆိုကြပါတယ်။ ခင်ဗျားတို့က သတင်းစာ၊ ကျွန်တော်တို့က သတင်းအေဂျင်စီ ။ ကျွန်တော်တို့ အသုံးချနိုင်တဲ့ တူညီတဲ့ အခြေခံတွေ ရှိနေကြပါတယ်။

**မေး ။ ။ အဖွဲ့အစည်းနှစ်ခုအကြားမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ လုပ်မယ်ဆိုတာ ပိုပြီး အသေးစိတ် ပြောပြနိုင်မလား။**

**ဖြေ ။** ။ ဒီကနေ့မှာ ကမ္ဘာတစ်လွှားက မတူညီကြတဲ့ မီဒီယာကုမ္ပဏီတွေဟာ စိန်ခေါ်မှု တော်တော်များများ ကြုံတွေ့နေကြရတယ်ဆိုတာ ကျွန်တော်တို့ ကောင်းကောင်း နားလည်ပါတယ်။ အနည်းဆုံးတော့ ဘဏ္ဍာရေးအခက်အခဲတွေ ရှိနေကြတယ်။ ကျွန်တော် တကယ့်ကို ရိုးရိုးသားသား ပြောပြပါမယ်။ ကျွန်တော်တို့ မီဒီယာကုမ္ပဏီဟာ ရုရှားရဲ့ အကြီးဆုံးမီဒီယာတွေထဲ တစ်ခု အပါအဝင် ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ကိုယ်စားလှယ်မရှိသေးဘူး။ နေပြည်တော်မှာလည်း မရှိဘူး။ ရန်ကုန်မှာလည်း မရှိဘူး။ ဒါပေမယ့် မြန်မာနိုင်ငံက သတင်းတွေကို လိုအပ်လာမှုတွေ တဖြည်းဖြည်း ချင်း ကြီးထွားလာနေတယ်။ အဲဒါကြောင့် (မြန်မာ) သတင်းတွေကို ပို့ပေးမယ့် မိတ်ဖက် ကျွန်တော်တို့ လိုအပ်နေတယ်။ အပြန်အလှန်အားဖြင့်လည်းပဲပေါ့။

မော်စကိုမှာ မြန်မာကုမ္ပဏီတစ်ခု အနေနဲ့ သတင်းထောက် တစ်ယောက် လာထားဖို့က သိပ်မလွယ်လှပါဘူး။ အဲဒါကြောင့် ရုရှားနဲ့ပတ်သက်တဲ့ သတင်းတွေ ခင်ဗျားတို့ကို သုံးလို့ရအောင် ကျွန်တော်တို့ပေးဖို့ အဆင်သင့်ပါ။ ဒုတိယအချက်က ကျွန်တော်တို့ဟာ နိုင်ငံတကာမီဒီယာအုပ်စု တစ်ခုဖြစ်တယ်။ Sputnik ဟာ ကမ္ဘာအနှံ့ ဘာသာစကား ၃၂ မျိုးနဲ့ ဖြန့်ချိလွှင့်ထုတ်ပေးနေတယ်။ ကျွန်တော်တို့ ပရိသတ်အစိတ်အပိုင်းအချို့ဟာ မြန်မာနိုင်ငံမှာ နေထိုင်နေကြတယ်။ အဲဒါကြောင့် ဒီပြည်တွင်းက ပရိသတ်တွေအကြောင်း နားလည်ဖို့ ကျွန်တော်တို့အတွက် တကယ့်ကို အရေးကြီးပါတယ်။ စိတ်ဝင်စားမှုတွေ၊ မီဒီယာတွေ၊ ယဉ်ကျေးမှုတွေ စသဖြင့်ပေါ့။ အဲဒါတွေကို ခင်ဗျားတို့ဆီက ကျွန်တော်တို့ သင်ယူဖို့ မျှော်လင့်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေကို ခင်ဗျားတို့ကို မျှဝေပေးဖို့ ကျွန်တော်တို့ အဆင်သင့်ရှိနေပါတယ်။

**မေး ။ ။ ဒီပူးပေါင်းဆောင်ရွက်မှုဟာ ခင်ဗျားတို့အတွက် တန်ဖိုးရှိတယ်လို့ ထင်ပါသလား။ ပူးပေါင်းဆောင်ရွက်မှုကနေတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတိုးမြှင့်နိုင်မယ်လို့ ယုံကြည်ပါသလား။**

**ဖြေ ။** ။ ရုရှား ပြည်သူတွေအတွက် တိုက်ရိုက်နည်းလမ်းအဖြစ်ဆုံးပါ။ *စာမျက်နှာ ၇ သို့*




- **သတင်းတုဟာ ကျွန်တော်တို့ ကုစားလို့မရတဲ့ သတင်းရောဂါတစ်ခုလို့ မမှတ်ယူပါဘူး။ သတင်းတုတွေဆိုတာ ကမ္ဘာကြီးမှာ ရာစုနှစ်ချီရှိခဲ့တာပါ။ အဲဒါကြောင့် ကျွန်တော်တို့လုပ်ရမှာက မျှတမှုရှိပြီး သတင်းအတတ်ပညာသုံးတဲ့သတင်းတွေ ထုတ်ပေးဖို့ပါ။ ဒုတိယအချက်ကတော့ ပိုအန္တရာယ်ရှိနေတယ်။ အဲဒါက တစ်ကိုယ်တော် သတင်းသမားလို့ပဲခေါ်ခေါ် ပုဂ္ဂလိက သတင်းသမားလို့ပဲဆိုဆို မည်ကာမတ္တဖေ့စ်ဘုတ် သတင်းသမားတွေ၊ ဘလော့ဂါတွေ။ ကျွန်တော်တို့ သတင်းပညာအသုံးပြု မီဒီယာကုမ္ပဏီတွေရဲ့ပြဿနာက အဲဒီသူတွေနဲ့ တစ်တန်းတည်းထား ယှဉ်ပြိုင်နေကြရတာပဲဖြစ်တယ်**
- **သတင်းတုဖြန့်နေတာတွေက ပြဿနာအသစ်မဟုတ်ဘူး။ အတတ်ပညာမရှိတဲ့ သတင်းသမားတွေကလည်း ပြဿနာအသစ်မဟုတ်ဘူး။ သူတို့ဟာ နှစ်ပေါင်းများစွာ ကျွန်တော်တို့အနားမှာ ရှိနေခဲ့ကြတာပါ။ ရည်စူးပရိသတ်တွေကတော့ အတတ်ပညာမရှိတဲ့ သတင်းလုပ်ငန်းနဲ့ အတတ်ပညာသုံးတဲ့ သတင်းအေဂျင်စီတွေ၊ သတင်းလုပ်ငန်းအုပ်စုတွေကို လွယ်လွယ်ခွဲခြားသိမြင်နိုင်ကြပါတယ်**

*စာမျက်နှာ ၆ မှ*

အားတော့နာပါတယ်။ ရုရှားပြည်သူတွေဟာ မြန်မာအကြောင်းကို ယေဘုယျပဲ သိထားကြပြီး အခုစပြီး လေ့လာနေကြပါတယ်။ ရုရှားအစိုးရဟာ မြန်မာနိုင်ငံနဲ့ နီးကပ်တဲ့ ဆက်ဆံရေးဖန်တီးဖို့ လုပ်ဆောင်နေတာ အချိန်တစ်ခုတော့ ရှိနေပါပြီ။ အစိုးရက ဒါကို ပုံမှန်ဆောင်ရွက်သွားနိုင်ဖို့ အများပြည်သူရဲ့ ထောက်ခံဖို့လိုတယ်။ အဲဒါကြောင့် ရုရှားစကားပြော ပရိသတ်တွေကို မြန်မာသတင်းတွေပေးဖို့ ကျွန်တော်တို့ ဒီမှာ ရှိနေကြတာပါ။ နိုင်ငံတကာပရိသတ်ကို မြန်မာသတင်းတွေသိဖို့ ဒီမှာ ကျွန်တော်တို့ရောက်နေကြတာပါ။ ကမ္ဘာ့မီဒီယာတွေက ဖြန့်ဝေနေတဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ အရည်အသွေးနိမ့် သတင်းအချက်အလက်တွေအကြောင်း ခင်ဗျားတို့က ကျွန်တော့်ထက် ပိုသိကြမှာပါ။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ မျှတမှုရှိတဲ့ သတင်းတွေ ပုံမှန်စီးဆင်းနေဖို့ ကျွန်တော်တို့ ဖန်တီးကြရပါမယ်။ ခင်ဗျားတို့ရဲ့ အကူအညီနဲ့ ကျွန်တော်တို့ အကောင်းဆုံးလုပ်ပါမယ်။ ဒါတွေက ကျွန်တော်တို့ရဲ့ အစိုးရတွေကို ကူညီနိုင်မှာဖြစ်ပြီး နှစ်နိုင်ငံအကြား ပိုမိုနီးကပ်လာဖို့ အကူအညီဖြစ်စေပါလိမ့်မယ်။

**မေး ။ ။ ဆိုရှယ်မီဒီယာတွေ မြင့်တက်လာနေပြီး မည်ကာမတ္တ citizen journalists တွေကလည်း တိုးပွားလာနေပါတယ်။ အဲဒါကြောင့် ပင်မရေစီးမီဒီယာတွေဟာ သတင်းတု၊ သတင်းမှားပြဿနာများစွာနဲ့ ကြုံတွေ့နေကြရပါတယ်။ သတင်းတုတိုက်ဖျက်ရေးအပေါ် ခင်ဗျားရဲ့အမြင်က ဘယ်လိုရှိမလဲ။**

**ဖြေ ။** ။ ရိုးသားစွာနဲ့ ကျွန်တော့်ပုဂ္ဂိုလ်ရေးအမြင် ပြောရရင်တော့ သတင်းတုဟာ ကျွန်တော်တို့ ကုစားလို့မရတဲ့ သတင်းရောဂါတစ်ခုလို့ မမှတ်ယူပါဘူး။ သတင်းတုတွေဆိုတာ ကမ္ဘာကြီးမှာ ရာစုနှစ်ချီ ရှိခဲ့တာပါ။ အဲဒါကြောင့် ကျွန်တော်တို့ လုပ်ရမှာက မျှတမှုရှိပြီး သတင်းအတတ်ပညာသုံးတဲ့ သတင်းတွေ ထုတ်ပေးဖို့ပါ။ ဒုတိယအချက်ကတော့ ပိုအန္တရာယ်ရှိနေတယ်။ အဲဒါက တစ်ကိုယ်တော် သတင်းသမားလို့ပဲ ခေါ်ခေါ် ပုဂ္ဂလိက သတင်းသမားလို့ပဲဆိုဆို မည်ကာမတ္တဖွေ့စ်ဘုတ် သတင်းသမားတွေ၊ ဘလော့ဂါတွေ။ ကျွန်တော်တို့ သတင်းပညာအသုံးပြု မီဒီယာကုမ္ပဏီတွေရဲ့ ပြဿနာက အဲဒီသူတွေနဲ့ တစ်တန်းတည်းထား ယှဉ်ပြိုင်နေကြရတာပဲဖြစ်တယ်။ ကျွန်တော်တို့ ကုမ္ပဏီပိုင်ဆိုင်တဲ့ ဖွေ့စ်ဘုတ်လို၊ တယ်လီဂရမ်လို ပလက်ဖောင်းတွေက အကောင့်တွေကို ကျွန်တော်တို့ဟာ လူထောင်နဲ့ချီသုံးပြီး ဖန်တီးနေကြတယ်။ လူတစ်ယောက် နှစ်ယောက်လောက်နဲ့ လုပ်ထားတဲ့ ချန်နယ်တွေကို ကျွန်တော်တို့က လိုက်ပြိုင်နေကြရတယ်။ အဲဒါက ကျွန်တော်တို့အတွက် အတော့်ကို ဒုက္ခဖြစ်စေတယ်။ သတင်းတုဖြန့်နေတာတွေက ပြဿနာအသစ်မဟုတ်ဘူး။ အတတ်ပညာမရှိတဲ့ သတင်းသမားတွေကလည်း ပြဿနာအသစ်မဟုတ်ဘူး။ သူတို့ဟာ နှစ်ပေါင်းများစွာ ကျွန်တော်တို့အနားမှာ ရှိနေခဲ့ကြတာပါ။ ရည်စူးပရိသတ်တွေကတော့ အတတ်ပညာမရှိတဲ့ သတင်းလုပ်ငန်းနဲ့ အတတ်ပညာသုံးတဲ့ သတင်းအေဂျင်စီတွေ၊ သတင်းလုပ်ငန်းအုပ်စုတွေကို လွယ်လွယ်ခွဲခြား သိမြင်နိုင်ကြပါတယ်။ နောက်ဆုံးတစ်နေ့မှာတော့ လူတွေဟာ သတင်းအတတ်ပညာရှိတဲ့ သတင်းလုပ်ငန်းတွေကိုပဲ ရွေးချယ်လာကြမှာပါ။ အဲဒါကြောင့် အနာဂတ်မီဒီယာကုမ္ပဏီတွေအပေါ် ကျွန်တော်က သိပ်ကို အကောင်းမြင်မိပါတယ်။

**မေး ။ ။ ကမ္ဘာတစ်လွှားက မီဒီယာကုမ္ပဏီတွေအတွက် စိန်ခေါ်ဆုံးပြဿနာတွေက ဘာတွေလဲ။**

**ဖြေ ။** ။ မီဒီယာ လုပ်ငန်းတွေမှာ ငွေကြေးဘဏ္ဍာပြဿနာဟာ စတင်နေခဲ့ပြီးပါပြီ။

**မေး ။ ။ အင်တာဗျူး ဒုတိယပိုင်းအဖြစ်မေးချင်ပါတယ်။ မြန်မာနိုင်ငံကို ဒါပထမဆုံး ခင်ဗျား ရောက်ဖူးတာလို့ သိထားပါတယ်။ အခုရောက်တော့ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ဘယ်လိုမြင်ပါသလဲ။**

**ဖြေ ။** ။ ကျွန်တော့်မိသားစုဇာတ်လမ်းလေး ပြောပြရမလား။ သာမန်ရုရှားတစ်ဦးနဲ့ နှိုင်းယှဉ်ရင်တော့ ကျွန်တော်ဟာ နည်းနည်းကလေးတော့ ထူးနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ကလေးဘဝကတည်းက မြန်မာအကြောင်း ကြားဖူးနေလို့ပဲဖြစ်တယ်။ ခဏခဏ ကြိမ်ဖန်များစွာကြားခဲ့ရတာ။ ကျွန်တော့် မိခင်က မြန်မာပြည်မှာ မွေးတာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် အဘိုးက မြန်မာနိုင်ငံမှာ လာအလုပ်လုပ်ပြီး ဒီမှာအဘွားနဲ့အတူ နေကြတာ။ အဲဒါကြောင့် ကျွန်တော့်မိခင်ကို ရန်ကုန်မြို့မှာ ၁၉၅၈ ခုနှစ်တုန်းက မွေးဖွားခဲ့ပါတယ်။ ရန်ကုန်မြို့မှာ ဆိုဗီယက်အစိုးရရဲ့ အကူအညီနဲ့ တည်ဆောက်တဲ့ အဆောက်အဦ တော်တော်များများရဲ့ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွေမှာ အဘိုးက စကားပြန်အနေနဲ့ အလုပ်လုပ်ခဲ့ရတာပါ။

ကျွန်တော့်မိခင်က ဒီမှာ အသက်ငါးနှစ်သမီးအရွယ်အထိ နေခဲ့ရပြီးမှ သူတို့အခြားတစ်နိုင်ငံကို ပြောင်းသွားခဲ့ပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော့်မိသားစုရဲ့ နှလုံးသားထဲမှာ မြန်မာနိုင်ငံက တကယ့်ကို အထူးတလည်နေရာတစ်ခု အမြဲဖြစ်ခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်ဒီကိုလာတာပါ။ ရိုးသားစွာပြောရရင် ဒီကို ကျွန်တော်လာတာ အခြားသာမန်ရုရှားတွေထက် ပိုပြီးပြင်ဆင်ခဲ့ရပါတယ်။ ယဉ်ကျေးမှုနဲ့ ဘာသာစကားအကြောင်း ကျွန်တော် နည်းနည်းသိထားတယ်။ ပိုက်ဆံတွေက ဘယ်လိုပုံစံဆိုတာ ကျွန်တော် သိထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဘိုးက ပိုက်ဆံတချို့ ယူလာခဲ့တယ်လေ။ အဲဒီပိုက်ဆံတွေက အခုဒီမှာသုံးနေကြတဲ့ ပိုက်ဆံတွေနဲ့ ဆင်တူနေတုန်းပဲ။



တစ်ဖက်မှာလည်း ကျွန်တော့်ရဲ့ အထင်အမြင်ထဲ မကောင်းတဲ့အရာက ရိုက်ခတ်ခဲ့တယ်။ လက်ရှိ မြန်မာနိုင်ငံ အခြေအနေနဲ့ ပတ်သက်ပြီး မကောင်းရေးတဲ့သတင်းတွေ အများကြီး ဖတ်ဖူးကြမှာပါ။ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ မကောင်းသတင်းတွေ တော်တော်များများ ဖတ်ပြီးရင်တော့ အဲဒီထဲက တချို့ကို စပြီးယုံလာမှာပဲ။ အဲဒီထဲက အနည်းဆုံးတော့ တချို့ကို တွေ့ရမယ်လို့ မျှော်လင့်ထားခဲ့တာပါ။ ဒါပေမယ့် ဒီပုံသေကားကျသတင်းတွေဟာ မမှန်ဘူးဆိုတာ ကျွန်တော်ချက်ချင်းကို သိလိုက်ရတယ်။

ဒီ(မြန်မာ) နိုင်ငံဟာ ကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံပဲ။ အရှေ့သို့ မှန်မှန်လှမ်းချီနေတယ်။ နေပြည်တော်ကို အလည်အပတ်ရောက်ပြီးတဲ့နောက် မြို့ရဲ့လှပပုံတွေက ကျွန်တော့်ကို မှင်တက်စေတယ်။ ဘယ်လိုများတိုးတက်အောင်လုပ်ခဲ့သလဲပေါ့။ ဒီလိုမျိုးအဖြစ် ကျွန်တော် မကြာခဏကြုံဖူးတယ်။ နိုင်ငံတစ်နိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ မရောက်ဖူးဘဲနဲ့ အဲဒီနိုင်ငံတွေရဲ့အကြောင်း မဖတ်သင့်ဘူး၊ ကိုယ့်စိတ်ထဲမှာ ပုံရိပ်တစ်ခု မတည်ဆောက်သင့်ဘူးလို့ ကျွန်တော်ဆုံးဖြတ်ခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံကို တကယ်စိတ်ဝင်စားတယ်ဆိုရင် ကိုယ်တိုင်ကိုယ်ကျသွားကြည့်ပါ။ အိပ်မက်တွေ တကယ်ဖြစ်လာစေတဲ့ ဒီအခွင့်အရေးရလို့ ကျွန်တော် ပျော်ရွှင်ပါတယ်။ အဲဒီအပြင် ဒီနိုင်ငံဟာ ဘယ်လိုဆိုတာကို ကျွန်တော့် မိတ်ဆွေတွေကို ကျွန်တော် ရိုးသားစွာ ပြောပြနိုင်တော့မှာပါ။ တကယ်က ဘယ်လိုဘယ်ပုံဆိုတာတွေပေါ့။ ကျွန်တော်ဟာ ရုရှားနဲ့ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုရဲ့ သံတမန်တစ်ဦးလိုဖြစ်သွားပါလိမ့်မယ်။

**မေး ။ ။ ဒါဆိုရင်ဒီကိုရောက်လာပြီးတဲ့နောက် ခင်ဗျားအမြင်တွေ ပြောင်းသွားတယ်လို့ ဆိုလိုတာလား။**

**ဖြေ ။** ။ ဒါပေါ့။ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ကျွန်တော့်အမြင်တွေဟာ ပိုပြီး အပြုသဘော အကောင်းမြင်တွေ ဖြစ်လာတယ်။ အကောင်းပြောတဲ့အခါတောင် ပိုပြီးမျှတလာလိမ့်မယ်။ ပိုပြီး ယုတ္တိတန်လာမယ်။ တကယ့်အခြေအနေနဲ့ ပိုပြီးနီးစပ်လာလိမ့်မယ်။ အဲဒါတွေကြောင့် ပိုပြီး အကျိုးရှိလာပါလိမ့်မယ်။

**မေး ။ ။ မြန်မာတွေ အများကြီးနဲ့ ခင်ဗျားတွေ့ခဲ့မှာပေါ့။ မြန်မာတွေအပေါ် ခင်ဗျားဘယ်လိုမြင်သလဲ။**

**ဖြေ ။** ။ မြန်မာတွေဟာ သိပ်ကို လှိုက်လှဲဖော်ရွေလှတဲ့သူတွေပါ။ အလွန့်အလွန်ကို ဖော်ရွေတာပါ။

**မေး ။ ။ ရုပ်မြင်သံကြား သတင်းမှာ ခင်ဗျား မာရဝိဇယဘုရားကြီး သွားဖူးတာ မြင်လိုက်ရတယ်။ ဘယ်လိုခံစားရသလဲ။**

**ဖြေ ။** ။ ပထမဆုံး ရိုးရိုးသားသား ပြောရရင် ကျွန်တော့်မျက်လုံးကိုတောင် ကျွန်တော်နည်းနည်း စိတ်ပူသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သိပ်ကို တောက်ပြောင်လွန်းလို့၊ မျက်စိတောင် နည်းနည်းကျိန်းသွားတယ်။ အဲဒီလောက်ဖြူတဲ့အရာကို ကျွန်တော့်မျက်လုံးက ခံနိုင်ပါ့မလားပေါ့။ ပုံပြင်တစ်ခုလိုပါပဲ။ ဖုန်းမှာပါတဲ့ ခေတ်သစ်ကင်မရာတွေက အဲဒီအလှအပကို ဖမ်းဆုပ်ယူနိုင်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ ဖုန်းကင်မရာတစ်လုံးတောင် မပါလာဘူး။ ဘုရားကြီးရဲ့အောက်ခြေ ဘယ်မှာအဆုံးသတ်သွားသလဲ ကျွန်တော့်မျက်လုံးက မခွဲခြားနိုင်ဖြစ်ခဲ့တယ်။ ရုရှားမှာ ဒါကိုသိသွားရင် ရုရှားက ခရီးသွားတွေ အများကြီး ဒီကိုလာကြလိမ့်မယ်။ ကိုယ့်မျက်လုံးနဲ့ ကိုယ်တိုင်ကြည့်လို့မရနိုင်အောင် လှပ(သပ္ပာယ်)လွန်းလှပါတယ်။

**မေး ။ ။ နောက်ဆုံးမေးခွန်းပါ။ ခင်ဗျား မော်စကိုနဲ့ ရုရှားကိုပြန်ရောက်ရင်မိတ်ဆွေတွေက မြန်မာနိုင်ငံအကြောင်း မေးလာတဲ့အခါ ခင်ဗျားဘယ်လိုပြန်ပြောမလဲ။ တစ်ကြောင်းတည်းနဲ့ ပြည့်ပြည့်စုံစုံ ဖြေမယ်ဆိုရင်ပေါ့။**

**ဖြေ ။** ။ ကျွန်တော့်အဖြေကို ခင်ဗျား နှစ်သက်မသက်တော့ ကျွန်တော် မသိဘူး။ ခင်ဗျားက တစ်ကြောင်းတည်းနဲ့ ကန့်သတ်လိုက်တာကိုး။ ကျွန်တော့် သူငယ်ချင်းတွေကို ကျွန်တော်က "ခင်ဗျား အဲဒီကိုသွားပြီး အစားအစာတွေ ကြိုးစား စားကြည့်သင့်တယ်"လို့ပဲ ဖြစ်ပါတယ်။ ။

---

**✻ ကျွန်တော့် မိခင်က မြန်မာပြည်မှာမွေးတာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် အဘိုးက မြန်မာနိုင်ငံမှာ လာအလုပ်လုပ်ပြီး ဒီမှာအဘွားနဲ့အတူ နေကြတာ။ အဲဒါကြောင့် ကျွန်တော့် မိခင်ကို ရန်ကုန်မြို့မှာ ၁၉၅၈ ခုနှစ်တုန်းက မွေးဖွားခဲ့ပါတယ်။ ရန်ကုန်မြို့မှာ ဆိုဗီယက် အစိုးရရဲ့အကူအညီနဲ့ တည်ဆောက်တဲ့အဆောက်အဦ တော်တော်များများရဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ အဘိုးက စကားပြန်အနေနဲ့ အလုပ်လုပ်ခဲ့ရတာပါ**

**✻ လက်ရှိ မြန်မာနိုင်ငံအခြေအနေနဲ့ ပတ်သက်ပြီး မကောင်းရေးတဲ့သတင်းတွေ အများကြီး ဖတ်ဖူးကြမှာပါ။ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ မကောင်းသတင်းတွေ တော်တော်များများ ဖတ်ပြီးရင်တော့ အဲဒီထဲကတချို့ကို စပြီးယုံလာမှာပဲ။ အဲဒီထဲက အနည်းဆုံးတော့ တချို့ကို တွေ့ရမယ်လို့ မျှော်လင့်ထားခဲ့တာပါ။ ဒါပေမယ့် ဒီပုံသေကားကျ သတင်းတွေဟာ မမှန်ဘူးဆိုတာ ကျွန်တော်ချက်ချင်းကို သိလိုက်ရတယ်**

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မုံရွာ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မုံရွာခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များအား အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဆက်စပ်ဌာနများနှင့် မြေပြင်တွင် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများ များပြားသည့်အတွက် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအောက်တွင် လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် တိုက်ရိုက်ညွှန်ကြားကွပ်ကဲနိုင်မည့် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီမှ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ထားရှိပါကြောင်း။

**စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည်**

သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရန်နှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများအား ကြိုတင်ပြင်ဆင်ထားနိုင်ရန် စမ်းသပ်သန်းခေါင်စာရင်းကို အောက်တိုဘာလအတွင်း မုံရွာမြို့နယ်ရှိ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာရှစ်ရွာတွင် ကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်တစ်ခုလုံး ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနများအလိုက် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက မုံရွာမြို့ပေါ်ရှိ ရပ်ကွက်တစ်ခုနှင့် ကျေးရွာနှစ်ရွာတို့တွင် စမ်းသပ် သန်းခေါင်စာရင်းကောက်ယူသွားမည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိတို့ခရိုင်/မြို့နယ်များအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# နေပြည်တော် ပျဉ်းမနားမြို့နယ် အထက(၁)၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနားကျင်းပ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် တက်ရောက်အားပေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေး အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဗလငါးတန်ပြည့်စုံရေး**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးရဲတင့်က ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် အတတ်ပညာ၊ အသိပညာ ကြွယ်ဝပြီး အတွေးအခေါ် အလုပ်အကိုင်မှန်ကန်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့ဘဝ အဆင်ပြေနိုင်ပြီး မိသားစု၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံကို ကောင်းကျိုးပြုနိုင်ကြမည်ဖြစ်ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်ဟုဆိုရာတွင် ပညာတတ်မြောက်ရုံဖြင့် မလုံလောက်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးကို မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဘက်စုံပညာရေး၏အဓိပ္ပာယ်မှာ ကျယ်ပြန့်ကြောင်း၊ စဉ်းစားတွေးခေါ်သုံးသပ်မှု၊ တီထွင်ဖန်တီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ လူမှုဆက်ဆံရေး၊ ဦးဆောင်တတ်မှု၊ လောကနီတိဆိုင်ရာအပြုအမူ၊ ကျန်းမာကြံ့ခိုင်မှု စသည်တို့လည်း ပါဝင်ကြောင်း၊ ပင်ကိုအရည်အသွေးများ မြှင့်တင်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးလျက်ရှိရာ ဆရာ၊ မိဘ၊ အုပ်ထိန်းသူများ၏ သွန်သင်ဆုံးမမှုများဖြင့် နိုင်ငံတော်က အားထားရမည့် ပညာပြည့်ဝနှလုံးလှပြီး ဗလငါးတန်နှင့် ပြည့်စုံသောသားကောင်းရတနာများ ဖြစ်ကြရန် လေ့လာသင်ယူကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုကြည်က လက်ခံရယူသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပြီး၊ ကျောင်းသားကျောင်းသူများအနေဖြင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်နှင့်မျိုးချစ်စိတ်ခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေးဟောပြောကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုတင်ဆက်ကြသည်။

**ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

ထို့နောက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရ နေရာများကို ကျောင်းသားကျောင်းသူ လူငယ်များအား ဗဟုသုတရရှိစေရန် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြဘုတ်များ ခင်းကျင်းပြသခြင်း၊ ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး စာအုပ်စာစောင်များ ဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား)က ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပေးခြင်း စသည့်ပျော်ရွှင်ဖွယ်ဂိမ်းများကစား၍ အနိုင်ရရှိသူအား အမျိုးသားစာပေဆုရှင် ဆရာစိုးတင့်(ရောဝတီ)မိသားစုနှင့် ကျောင်းအကျိုးတော်ဆောင်များက လှူဒါန်းသော စာရေးကိရိယာနှင့် မုန့်များ ပေးအပ်ကာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ်(IPRD)**

# မြို့နယ်ရဲမှူထမ်းဟောင်းများ ရှေ့လုပ်ငန်းစဉ်ဆွေးနွေး

**ကျောက်မဲ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ရဲမှုထမ်းဟောင်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးကြည်ထွန်းက ရုံးမြေနေရာရရှိမှု၊ ရန်ပုံငွေတိုးတက်ရရှိမှုအတွက် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်က မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးကြည်ထွန်းထံ ရန်ပုံငွေနှင့် အာဟာရဖြည့်ကြက်ဥ၊ စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)**

**စိုင်း(သီပေါ)**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။




### ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

❒ *ကျော့ဖုံးမှ*

အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**





## ဟိုင်းကြီးကျွန်းအနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်တိမ်းစောင်းမှုဖြစ်ပွားခဲ့သည့် ကုန်တင်ရေယာဉ်အား တပ်မတော်(ရေ)မှ ကူညီကယ်ဆယ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ ရက် ည ၁၁ နာရီခန့်တွင် ဟိုင်းကြီးကျွန်း၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ၌ ကုန်တင်ရေယာဉ်တစ်စီး ရေဝင်တိမ်းစောင်းမှု ဖြစ်ပေါ်လျက်ရှိကြောင်းသိရှိရသဖြင့် သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ထွက်ခွာလာသည့် MV ရွှေအိမ်သည် အမည်ရှိ ကုန်တင်ရေယာဉ်အား တွေ့ရှိခဲ့သည်။

အဆိုပါရေယာဉ်သည် ရာသီဥတုဆိုးရွားကာ လှိုင်းလေပြင်းထန်ခြင်းကြောင့် ရေယာဉ်ပေါ်တွင် တင်ဆောင်လာသော ဘိလပ်မြေ အိတ်တန် ၄၀၀၀ ခန့်မှာ ရွှေ့လျား၍ ရေယာဉ်တိမ်းစောင်းကာ စက်ခန်းအတွင်း ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်လှေ၏ စက်ခန်းအတွင်း ရေဝင်ရောက်မှုအား ရေစုပ်ထုတ်ပေးခြင်းနှင့်လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

■ *ကျော့ဖုံးမှ*

အနိုင်ရရေး ဦးတည်ကစားခဲ့ပြီး အမာခံကစားသမား အစုံအလင်ဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးသွင်းခွင့်များရသော်လည်း ပထမပွဲကဲ့သို့ပင် အဆုံးသတ်ဂိုးသွင်းသေချာရန် ရှန်းကန်နေရဆဲဖြစ်ပြီး အနိုင်ဂိုးကို လူစားဝင်တိုက်စစ်ကစားသမား ဝင်းနိုင်ထွန်းက ၈၆ မိနစ်တွင် သွင်းယူခဲ့သည်။

မြန်မာအသင်းသည် နီပေါအသင်းနှင့်ကစားသည့် ခြေစမ်းပွဲနှစ်ပွဲတွင် ရှုံးပွဲမရှိသော်လည်း ခြေစွမ်းပိုင်း၊ ကစားသမားတစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုနှင့် စွမ်းဆောင်ရည်၊ အဆုံးသတ် ဂိုးသွင်းမှုအပိုင်းများမှာ လိုအပ်နေဆဲဖြစ်သည်။

မြန်မာအသင်းသည် နီပေါအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–MFF**

# ပညာအခြေခံခိုင်မာသော နိုင်ငံရေးအဆောက်အဦသစ်ဆီသို့ . . .

မိုးကေနိုင်

**၁-၉-၂၀၂၃ ရက်က ကျင်းပခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး ( ၃/၂၀၂၃) သည် အခြေအနေအချိန်အခါအရ များစွာလေးနက်မှုရှိခဲ့သည်ဟု ယူဆပါသည်။ ယင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အမှာစကားကို လေ့လာဆန်းစစ်ကြည့်ခြင်းဖြင့် နိုင်ငံတော်၏ လက်ရှိအခြေအနေအရပ်ရပ်နှင့်တကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ပြီး သွားနေသည့်လမ်းကြောင်း၊ သွားလိုသည့်ပန်းတိုင်ကို ထင်သာမြင်သာစွာ တွေ့ရမည်ဖြစ်သည်။**

### ထူးခြားသောလက္ခဏာများဖြင့် အပြုသဘောဆောင်ခဲ့ခြင်း

အခြေအနေအချိန်အခါဆိုသည်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူနေသည့် လက်ရှိအရေးပေါ်ကာလသည် နှစ်နှစ်ကျော်အတွင်းချင်းနင်းခဲ့ပြီဖြစ်သလို နိုင်ငံတော်ကို ပုံမှန်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်အောင် ကြိုးစားတည်ဆောက်နေရသည့် အခြေအနေအရပ်ရပ်အားလုံးကို ဆိုလိုသည်။ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြုလုပ်ပေးရန် ကတိကဝတ်များ ထားရှိပြီးဖြစ်သလို ရွေးကောက်ပွဲရလဒ်နှင့်အညီ တက်လာသည့်အစိုးရထံ နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးသွားမည့် တာဝန်ကြီးတစ်ရပ်ရှိနေသည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းဆောင်တာအားလုံး ပုံမှန်ရောက်ရှိအောင်နှင့် ပို၍ပို၍တိုးတက်လာအောင် တာဝန်ယူဆောင်ရွက်နေကြသည်မှာ အားလုံးတွေ့မြင်နေရသည့်အတိုင်းဖြစ်သည်။ ပြည်သူများအတွက် ပြည်သူ့အရေးအရာအားလုံးသည် အရေးကြီးသည်ဖြစ်၍ နယ်ပယ်အလိုက်၊ ဒေသအလိုက် မည်သို့မျှ ရပ်တန့်ထား၍မရဟု ခံယူထားသည်။ နယ်ပယ်ဒေသအားလုံး ညီညွတ်မျှတစွာ ဟန်ချက်ညီညီတိုးတက်လာစေရန် ရည်ရွယ်၍လည်း အားလုံးသည် ပုံမှန်လမ်းကြောင်းတွင် ရှိနေရမည်ဖြစ်သည်။ ကာလံဒေသံအရ နိုင်ငံနှင့် တစ်မျိုးသားလုံးအတွက် အရေးကြီး၊ အရေးပေါ်အခြေအနေများဖြစ်သည့်အားလျော်စွာ ယခုကျင်းပခဲ့သော အစည်းအဝေးသည် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ခြောက်လသက်တမ်း ထပ်မံတိုးပြီးမှ ပြုလုပ်ခဲ့သည့်အစည်းအဝေးဖြစ်ခြင်း၊ ကောင်စီဝင်အသစ်များဖြင့် ထပ်မံဖွဲ့စည်းပြီးပြီးချင်း ပြုလုပ်သည့်အစည်းအဝေးဖြစ်ခြင်း စသည့်လက္ခဏာရပ်များကြောင့် နိုင်ငံနှင့်ပြည်သူအတွက် များစွာအပြုသဘောဆောင်ခဲ့သော အစည်းအဝေးတစ်ခုအဖြစ် မှတ်ချက်ပြုလိုပါသည်။

### နိုင်ငံရေးရည်မှန်းချက်ကို အခြေခံသည့် နိုင်ငံရေးရှေ့လုပ်ငန်းစဉ်

နိုင်ငံတစ်ခု၏ အသွင်ကူးပြောင်းရေးအစီအစဉ်များဟူသည် နယ်ပယ်အားလုံးတွင် စနစ်ကျနမှုရှိနေရပါမည်။ နယ်ပယ်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အားလုံးတွင် နိုင်ငံရေးအခြေအနေတည်ငြိမ်ရေးသည် ပို၍အရေးကြီးလှပြီး နိုင်ငံရေးအနေအထား တည်ငြိမ်နေမှသာ ကျန်စီးပွားရေး၊ လူမှုရေးအခြေအနေများ ကောင်းမွန်လာမည့်အခြေအနေဖြစ်သည်။ ထို့ကြောင့်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် နိုင်ငံရေးလမ်းစဉ်များက ရှေ့ဆုံးမှ နေရာယူထားခြင်းဖြစ်သည်။ အစဉ်တစိုက်ဖြစ်သည့် နိုင်ငံရေးရည်မှန်းချက်မှာ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေး"ပင်ဖြစ်သည်။ ဤနိုင်ငံရေးရည်မှန်းချက်ကို အခြေခံ၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပထမဦးဆုံးလုပ်ငန်းစဉ်အဖြစ် "လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" ဟူသော နိုင်ငံရေးရှေ့လုပ်ငန်းစဉ်အသစ်တစ်ရပ်ကို ထပ်မံချမှတ်ထားပြီး ဖြစ်သည်ကိုလည်း တွေ့ရသည်။

### စကားလုံးများ၏ လေးနက်မှုနှင့် ဒီမိုကရေစီဖက်ဒရယ်၏အနှစ်သာရ

ဤတွင်လေ့လာမိသည်က " စစ်မှန်စည်းကမ်းပြည့်ဝ"၊ "ပါတီစုံဒီမိုကရေစီ"၊ " ဒီမိုကရေစီဖက်ဒရယ်အခြေခံပြည်ထောင်စု"၊ "လွတ်လပ်ပြီးတရားမျှတသော" ဟူသည့် စကားလုံးများ၏ လေးနက်မှု၊ ထိုထိုသောလေးနက်မှုကို ဖော်ဆောင်နိုင်မည့် အထွေထွေရွေးကောက်ပွဲ၊ ထိုရွေးကောက်ပွဲသည်လည်း ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေ အပြည့်အဝစိုးမိုးမှုရှိမှ ဟူသောလိုအပ်ချက်များဖြစ်သည်။ ထိုလိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးမည့် အထက်ပါလုပ်ငန်းစဉ်နှင့် ရည်မှန်းချက်များကို အပြည့်အဝဖော်ဆောင်ရမည့် တာဝန်ဝတ္တရားများကားကြီးလေးလှသည်။ ရည်မှန်းချက်များ ပြည့်ဝရန် တာဝန်ရှိသည့်အားလျော်စွာ တာဝန်ယူ၊ တာဝန်ခံမှုများတွင် နယ်ပယ်ဒေသစုံမှ သက်ဆိုင်ပါဝင်သူအားလုံး အလေးအနက်ထား တက်တက်ကြွကြွပါဝင်ရန်လည်း အထူးအရေးကြီးပါသည်။ သွားမည့်အနာဂတ်ဒီမိုကရေစီလမ်းကြောင်းက အစစ်အမှန်ဖြစ်ရန် လိုအပ်နေ၍ဖြစ်သည်။ ယနေ့ခေတ်နိုင်ငံတကာနှင့် အချို့ပြည်တွင်းဒီမိုကရေစီအတုအယောင်များကြားတွင် မိမိတို့က ဒီမိုကရေစီစစ်စစ်ကို လိုချင်လျှင် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ကိုက်ညီသင့်တော်မည့် အစစ်အမှန် ဒီမိုကရေစီကိုသာ ရွေးချယ်နိုင်စွမ်းရှိရပါမည်။ စစ်မှန်မှုကို လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲ၊ မဲဆန္ဒရှင်သုံးရပ်ကြား အပြန်အလှန်ထိန်းညှိစောင့်ကြည့်နိုင်မှု၊ အဆုံးအဖြတ်ပေးရာတွင် အများဆန္ဒက အရေးပါမှုနှင့်အတူ အနည်းစုဆန္ဒကိုလည်းအလေးထားမှု၊ ပွင့်လင်းမြင်သာမှု စသည့်ပေတံများဖြင့် တိုင်းတာပြီး တိုင်းတာနိုင်စွမ်းရှိမှုကို စည်းကမ်းပြည့်ဝသော နိုင်ငံသူနိုင်ငံသားများကသာ ဆောင်ရွက်နိုင်စွမ်းရှိပါသည်။ စည်းကမ်းရှိသော ပြည်သူများဖြင့်သာ စည်းကမ်းရှိသော စနစ်တစ်ခုကို ပိုင်ဆိုင်နိုင်ပါမည်။ စည်းမရှိကမ်းမရှိသူများဖြင့် ဒီမိုကရေစီစစ်စစ်ကို မည်သို့မျှ တည်ဆောက်၍မရ၊ ထိုသူတို့အတွက်ကား အတုအယောင်ဒီမိုကရေစီနှင့်သာ ထိုက်တန်သည်ဆိုသည်ကို ယနေ့အချိန်အခါမှာ အားလုံးက သတိချပ်သင့်ပါသည်။

ပြည်သူအားလုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ အနှစ်သာရတစ်ခုကား ယခုကာလများမှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပေးထားပြီးဖြစ်သော ပေးထားချက်တစ်ခုဖြစ်နေသည်ကို သတိထားမိပါသည်။ ပါတီစုံစနစ်နှင့်အညီ ပါတီအစုံအစုံက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်နေကြပြီဖြစ်သည်။ ပါတီစုံစနစ်နှင့်အတူ ဒီမိုကရေစီနှင့်ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်များကိုလည်း ခွဲခြားမြင်၍မသင့်။ ထို့အတူ နိုင်ငံတော်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများကိုသာအခြေခံသည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် လူမျိုးကို အခြေခံသည့် ဖက်ဒရယ်စနစ်မဟုတ်ဘဲ ဒေသကို အခြေခံသည့်ဖက်ဒရယ်စနစ်ကိုသာ ဆောင်ရွက်သွားမည်ဖြစ်သည်ဆိုသောအချက်ကို အလေးအနက်ထားရပါမည်။

### အဓိကကျသည်က အသိအတတ်ပညာရှင်များဖြစ်ရန်သာ

အထက်ပါလုပ်ငန်းလမ်းစဉ်များ၏ လေးနက်မှုအနေအထား၊ အနှစ်သာရများကို အပြည့်အဝဖော်ဆောင်နိုင်ရန်မှာ အဓိကကျသည်က တန်ဖိုးရှိသော လူသားအရင်းအမြစ်များပင်ဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို တည်ဆောက်ရန် လူသားအရင်းအမြစ်များသည် စည်းကမ်းရှိရမည့်အပြင် အသိအတတ်ပညာရှင်များစွာ ပေါ်ထွက်ရန်မှာလည်း အထူးလိုအပ်ချက်ကြီးဖြစ်နေသည်။ ထို့အတွက်လည်း နိုင်ငံတော်အကြီးအကဲက ရောက်သည့်နေရာ၊ ရသည့်အချိန်တိုင်းမှာ ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်နေသည်မှာ အားတက်ဖွယ်ရာဖြစ်သည်။ ခေတ်အဆက်ဆက်နိုင်ငံတော်အစိုးရများကလည်း ပညာရေးကို အားပေးခဲ့သည်၊ ဆောင်ရွက်ခဲ့သည်သာဖြစ်သည်။ သို့သော် နိုင်ငံ၌ ပျမ်းမျှလူဦးရေတွင် မြို့ပေါ်နှင့် ကျေးလက်အရ ကျေးလက်ကပိုများနေသည်ကို တွေ့ရသည်။ အချက်အလက်များအရ ကျေးလက်မှာ ၇၂ ရာခိုင်နှုန်းရှိပြီး မြို့ပြမှာက ၂၈ ရာခိုင်နှုန်းသာ ရှိနေသည့် လူဦးရေအခြေအနေတစ်ရပ်တွင် ကျေးလက်နှင့်မြို့ပြအချိုးအရ အလယ်တန်းကျောင်းအရေအတွက်မှာ ၈:၁၊ မူလတန်းကျောင်းအရေအတွက်မှာ ၆ ဒသမ ၅:၁ ဖြစ်နေသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ဒေသများတွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၃၈၇၉ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၂၁၅၅၀ ရှိသည်ကို တွေ့ရှိရပြီး မြို့ပြတွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၆၂၆ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၃၃၁၈ ကျောင်းရှိသည်ကို တွေ့ရှိရသည်။

ဤသို့ကွာခြားသည့်အပြင် ကျေးလက်နေပြည်သူက မြို့ပေါ်နေပြည်သူထက် စာတတ်မြောက်မှု အားနည်းခြင်း၊ ကျောင်းနေရာခိုင်နှုန်း နည်းပါးခြင်း၊ ပညာရေးဆုံးခန်းတိုင်သင်ကြားမှု အားနည်းခြင်းများက နိုင်ငံတည်ဆောက်ရေးမှာ အဟန့်အတားတစ်ခုအဖြစ် ထင်ရှားလှသည်။ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင်ဖြစ်၍ ဘာသာစကားအခက်အခဲ၊ နယ်မြေဒေသမတည်ငြိမ်မှု၊ အေးချမ်းမှုမရှိခြင်းနှင့်တကွ ပညာရေးကိုအားပေးနိုင်ခြင်းမရှိသည့် အခြေအနေများကား ကျေးလက်နှင့် တိုင်းရင်းသားဒေသများအတွက် စဉ်ဆက်မပြတ် ပညာရေးစိန်ခေါ်ချက်များအဖြစ် ရှိနေဆဲပင်ဖြစ်သည်။

### စာအတတ်သင်မှ ပညာသင်၊ ပညာသင်မှ ပညာရှင်အဖြစ်သို့

အထက်ပါအခြေအနေများအရ လက်ရှိကာလတွင် ပညာရေးကို ပို၍မြှင့်တင်ဆောင်ရွက်သွားရမည့် တာဝန်မှာ မလွှဲမသွေထမ်းဆောင်ရမည့် တာဝန်တစ်ခုဖြစ်လာသည်။ ပညာခေတ်ကြီးတွင် ပညာတတ်ထားမှသာ မိမိတို့ဘဝ အခြေခိုင်မည်ဖြစ်သည် ဆိုသည်မှာလည်း အနိမ့်ဆုံးခံယူချက်ဖြစ်သင့်သည်။ တိုးတက်သည့်ဒေသများတွင် ပညာတတ်ရုံနှင့်မပြီး၊ ပညာရှင်ဖြစ်ရန်ပါ ကြိုးစားနေကြသည့်မြင်ကွင်းများအတွက် အားတက်မိသော်လည်း ကျေးလက်နှင့် တိုင်းရင်းသားဒေသများမှာ ပညာဆုံးခန်းသင်ဖို့ မပြောနှင့်၊ စာတတ်မြောက်ရန်ပင် အခြေအနေမပေးမှုများမှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျေးလက်နှင့် တိုင်းရင်းသားပြည်သူများတွင် လိုအပ်နေသော ပညာရည်မြင့်မားရေးကွက်လပ်ကို အထူးဦးစားပေးဖြည့်ဆည်းရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် စာအတတ်သင်မှ ပညာသင်၊ ပညာသင်မှ ပညာရှင်ဖြစ်ကြရန် လိုအပ်ချက်ကို အထောက်အကူပြုနိုင်ရန်ဖြစ်ပါသည်။ စာသင်ခန်းပညာရေးဖြင့်မပြီးသေး၊ သုတများသော ပညာတတ်အဖြစ်မှသည် စဉ်းစားချင့်ချိန်တတ်သော ပညာရှင်အဖြစ်သို့ပါ လှမ်းနိုင်ကြရန် ရည်ရွယ်ပါသည်။ ကျေးလက်နေပြည်သူများ စာတတ်မြောက်ရန် တစ်ချိန်တစ်ခါက မိမိတို့နိုင်ငံတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့သည့် လုပ်အားပေး "အ"သုံးလုံး စံပြသင်တန်းများကို ပြန်လည်အမှတ်ရမိသည်။ ထိုသင်တန်းများက ကျေးလက်နေပြည်သူများတွင် စာပေကို ဖတ်ရှုသည့်အလေ့အထနှင့် စာပေကိုစိတ်ဝင်စားလာသည့် အခွင့်အလမ်းများကို ပေးစွမ်းနိုင်သည်ဟု နိုင်ငံတော်အကြီးအကဲက မှတ်ချက်ပြုသည်ကို အလေးထားမိသည်။ ထို့ပြင် "ပညာရေးကဏ္ဍတွင် လက်ရှိအကောင်အထည်ဖော်နေသည့် KG+9 မှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာသိပ္ပံအဆင့်သို့ တက်လှမ်းပြီး ထိုမှတစ်ဆင့် လက်တွေ့အသုံးချသိပ္ပံပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရေးအတွက် Polytechnic Institute ထူထောင်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်း ဆွေးနွေးလျက်ရှိပါသည်။

"နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ၊ ပညာရှင်များ မွေးထုတ်နိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်လည်းဖြစ်ကြောင်းနှင့် လူငယ်များ ပညာရေးကောင်းမှ နိုင်ငံ၏ အနာဂတ် ကောင်းမွန်မည်ဖြစ်ကြောင်း" ကို နိုင်ငံတော်အကြီးအကဲက အလေးအနက် တိုက်တွန်းပြောကြားသွားသည်ကိုလည်း လေ့လာမှတ်သားမိသည်။ *စာမျက်နှာ ၁၁ သို့*

> ❑ လက်ရှိကာလတွင် ပညာရေးကို ပို၍မြှင့်တင်ဆောင်ရွက်သွားရမည့် တာဝန်မှာ မလွှဲမသွေထမ်းဆောင်ရမည့် တာဝန်တစ်ခုဖြစ်လာသည်။ ပညာခေတ်ကြီးတွင် ပညာတတ်ထားမှသာ မိမိတို့ဘဝ အခြေခိုင်မည်ဖြစ်သည် ဆိုသည်မှာလည်း အနိမ့်ဆုံးခံယူချက်ဖြစ်သင့်သည်။ တိုးတက်သည့်ဒေသများတွင် ပညာတတ်ရုံနှင့်မပြီး၊ ပညာရှင်ဖြစ်ရန်ပါ ကြိုးစားနေကြသည့်မြင်ကွင်းများ အတွက် အားတက်မိသော်လည်း ကျေးလက်နှင့် တိုင်းရင်းသားဒေသများမှာ ပညာဆုံးခန်းသင်ဖို့ မပြောနှင့်၊ စာတတ်မြောက်ရန်ပင် အခြေအနေမပေးမှုများမှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျေးလက်နှင့် တိုင်းရင်းသားပြည်သူများတွင် လိုအပ်နေသော ပညာရည်မြင့်မားရေးကွက်လပ်ကို အထူးဦးစားပေးဖြည့်ဆည်းရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ခြင်းဖြစ်သည်

စာမျက်နှာ ၁၁ သို့



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ဦးဆောင်ကာ ညောင်ဦးမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များက ပုဂံမြို့ဟောင်း အာနန္ဒာဘုရားဝင်းအတွင်း စက်တင်ဘာ ၁၀ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဒီပါလင်း



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျဉ်းမနားခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ကျော်ညွန့်၊ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ပျဉ်းမနားမြို့ ခုတင်-၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး အတွင်း/အပြင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၉ ရက်က ဆောင်ရွက်စဉ်။ ဇော်ဘီ

## အောင်မြေသာစံမြို့နယ်၌ သမဝါယမ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ စက်တင်ဘာလ ပထမပတ်အတွင်းက ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ ဦးဘကြည်က အမှာစကားပြောကြားပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းစည်းကမ်း၊ ဒါရိုက်တာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာများကို အမှုဆောင်များက ဖတ်ကြားတင်ပြရာ သဘာပတိက အတည်ပြုသည်။

ထို့နောက် အသင်းသူအသင်းသား ၃၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်းနှင့် အစုပေါ်အမြတ်ငွေ ကျပ် ၃၂၀၀၀၀ တို့ကို အသင်းဥက္ကဋ္ဌ ဦးဘကြည်က ကိုယ်စားလှယ်တစ်ဦးအား ပေးအပ်ခဲ့သည်။

**ထွဏ်းလှအောင်(မန္တလေး)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားများ၏ Internet ပေါ်က စာမျက်နှာများ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်အားပေးများအား ထိရောက်စွာဖော်ထုတ်အရေးယူနိုင်မှုနှင့် ပတ်သက်၍ ဆွေးနွေးခြင်း”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်မဲမြို့နယ်ရှိ သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းအခက်အခဲ မရှိစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ဆပ်ပြာမှုန့်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၈ ရက်က ကျောက်မဲခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းသိန်းနှင့် ဝန်ထမ်းများက ကျောက်မဲမြို့နယ် အောင်မြေသာယာသီလရှင်စာသင်တိုက် ကျောင်းထိုင်ဆရာကြီး ဒေါ်မေဓာရီထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ဆပ်ပြာမှုန့်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းမီဒီယာသမားများအတွက် အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၆) ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် နိုင်ငံအတွင်းဖြစ်ပေါ်နေသော အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ သတင်းရယူပြီး ပြည်သူလူထုအနေဖြင့် သတင်းအမှန်များ ပိုမိုသိရှိနိုင်စေရေးအတွက် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၆) ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် တရားဝင်သတင်းဌာနများ၏ သတင်းသမားများအနေဖြင့် သတင်းရယူမှုဆိုင်ရာ သိသင့်သိထိုက်သည့် ဥပဒေများ၊ လိုက်နာရမည့် ကျင့်ဝတ်များ အပါအဝင် အထောက်အကူပြုမည့် အကြောင်းအရာများကို သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူသင်တန်းနည်းပြများက ပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် တက်ရောက်လိုသည့် သတင်းမီဒီယာသမားများ အနေဖြင့် သတင်းမီဒီယာကောင်စီရုံး ဖုန်းနံပါတ် ၀၉-၄၄၈ ၀၂၆၃၂၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မာန်အောင်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**မာန်အောင် စက်တင်ဘာ ၁၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖြစ် ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်းကို သစ်ပုံကျေးရွာအုပ်စု အနောက်ပါးကျေးရွာ၌ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လမ်းလုပ်ငန်းဆောင်ရွက်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်လွင်နှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာမြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မည့်လုပ်ငန်းနေရာကို စက်တင်ဘာ ၅ ရက်က မြေပြင်ကွင်းဆင်းတိုင်းတာခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ အရင်းအတိုးငွေပေါင်း ငွေကျပ် ၅၄ ဒသမ ၅၁၆၁ သန်း ရရှိထားပြီးဖြစ်၍ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂ ဒသမ ၂၅၈ သန်းဖြင့် ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

*စာမျက်နှာ ၁၀ မှ*

ပညာရှင်များဆိုရာတွင် ဥပဒေပညာရှင်အရင်းအမြစ်များ တိုးပွားလာရန်နှင့် ဥပဒေနှင့်ပတ်သက်သည့် အသိပညာများ ပိုမိုသိမြင်နားလည်ကြရေး ရည်မှန်းချက်အတွက် တွန်းအားပေးမှုအခြေအနေတစ်စွန်းတစ်စကိုလည်း အကဲခတ်ခွင့်ရလိုက်ပါသည်။ အဓိကက နိုင်ငံ၏နိုင်ငံရေး၊စီးပွားရေးနှင့်ပတ်သက်၍ ပိုမိုအကျိုးပြုနိုင်ရန်ဖြစ်ပုံရသည်။ ထို့ကြောင့်လည်း အဆင့်မြင့်တက္ကသိုလ်များတွင် လက်တွေ့ဥပဒေအခြေခံအတွက် BA (Law)၊ ဥပဒေအသက်မွေးဝမ်းကျောင်းပညာအတွက် LLB ဘွဲ့များ ပေးအပ်၍ ဥပဒေပညာရှင်များကို မွေးထုတ်နေခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် သိရှိခဲ့ရသည့် သာဓကတစ်ခုကား အောင်မြင်ခဲ့သည့် ကျောင်းပြင်ပ ပညာရေးဖြင့် မူလတန်းပညာ KG +5 နှင့် ဆက်လက်သင်ကြားပေးနိုင်မည့် KG +9 ပညာရေးကို ထည့်သွင်းစဉ်းစားပြီး ကြိုးပမ်းဆောင်ရွက်သွားရန် လုပ်ငန်းလမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ပညာရည်မြင့်မားပြီး နိုင်ငံသားအားလုံး ပညာတတ်ရန် အစိုးရ၊ ဆရာ၊ မိဘနှင့် ကျောင်းသား စသည့်ထောက်တိုင်လေးခု ပူးပေါင်းဆောင်ရွက်လျှင် မုချအောင်မြင်မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ခုကို စည်းကမ်းရှိသောနိုင်ငံသားများဖြင့် တည်ဆောက်မည်ဆိုလျှင် မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များကို အခြေခံပညာကျောင်းများမှ စတင်အခြေပြု လေ့ကျင့်သင်ကြားပေးသင့်သည်ဟုလည်း ထင်မြင်မိပါသည်။

အထက်ပါ အကြောင်းအချက်များအရ ကျွန်တော်တို့သည် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို မြို့ပြနှင့်ကျေးလက်မချန်၊ ညီအစ်ကိုတိုင်းရင်းသားဒေသမကျန် တန်းတူညီမျှ ဟန်ချက်ညီညီ အပြည့်အဝအကောင်အထည်ဖော်ရာမှာ တစ်နေရာတစ်ဒေသ လူမျိုးတစ်မျိုးက ကျန်နေခဲ့၍မဖြစ်ပါ၊ ချန်ထားမည်လည်းမဟုတ်ပါ။ အဓိကဖြည့်ဆည်းရမည့်အချက်မှာ ပညာရေးတွင် စာအတတ်သင်မှ ပညာသင်၊ ပညာသင်မှ ပညာရှင်ဖြစ်ကြရန်ဆိုသော အချက်ဖြစ်သည်။ မမှိတ်မသုန်ခံယူဆောင်ရွက်ရမည့် အချက်အဖြစ် နိုင်ငံတော်အကြီးအကဲက ထောက်ပြပြီး လုပ်ငန်းလမ်းညွှန်ချက်များပေးခဲ့သည်ကို သက်ဆိုင်သူ အကျိုးလိုလားသူအားလုံးကလည်း အလေးအနက်ထား လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဟု အပြုသဘောမျှော်လင့်ပြီးလည်းဖြစ်သည်။ ထို့ထက် အားလုံးမှာ အဓိကကျသည့် အချက်တစ်ခုကား တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်နေသည်။ ဤမျှအရေးကြီးသော အချက်တစ်ခုပြည့်စုံမှသာလျှင် အားလုံးသောအနှစ်သာရများလည်း ပြည့်ဝလာမည်ဖြစ်၍ ထိုအချက်ကို လုံးဝမေ့လျော့ မထားကြရန်နှင့် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရန်ပင် ဖြစ်ပါသည်။ ။

# ကချင်ပြည်နယ်မှ MSME လုပ်ငန်းဖြစ်သည့် ကချင်ရိုးရာအထည်ရက်လုပ်ငန်း

ဖြိုးလေး၊ ငုရွှေဝါ၊ ခတ်ပုံ - ဇော်ဘောက်

**နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ရရှိစေရန်၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်ချက်များအပေါ် ကချင်ပြည်နယ်အနေဖြင့်လည်း အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။**



ကချင်ပြည်နယ်၏ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်တွင် ရိုးရာရက်ကန်းလုပ်ငန်းများ အပါအဝင် ဒေသထွက်သီးနှံများနှင့် ဆန်ခေါက်ဆွဲစသည့်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေးအတွက် Action Plan များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းများတွင် စက်မှုမှတ်ပုံတင်ထားသောလုပ်ငန်း ၃၆ ခုရှိပြီး ရက်ကန်းစင်အရေအတွက် ၂၁၉ စင်ရှိကြောင်း သိရသည်။

**လူကြိုက်များသော အဝတ်အထည်များ**

ကချင်ပြည်နယ် ရက်ကန်းလုပ်ငန်းများမှ ထွက်ရှိသော ကချင်ပုဆိုး၊ ကချင်လုံချည်၊ ဂျပ်ခုတ်အပွင့်ဖောက်များသည် နိုင်ငံတစ်ဝန်း လူကြိုက်များ ရေပန်းစားသော အဝတ်အထည်များတွင် ပါဝင်သည်။ ကချင်ရိုးရာအဆင်များအနေဖြင့် အမျိုးသား၊ အမျိုးသမီးတိုင်း ကြိုက်နှစ်သက်ကာ ရာသီမရွေး ဝတ်ဆင်နိုင်သည့် ချည်ထည်အမျိုးအစားများဖြစ်ကြောင်းလည်း တွေ့ရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် အမှတ်(၄)နယ်မြေသည် ရိုးရာရက်ကန်းထည်များ ထုတ်လုပ်နေသော နေရာများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ တစ်ပိုင်တစ်နိုင်မှသည် ရက်ကန်းစင်ပေါင်းများစွာဖြင့် လုပ်ကိုင်နေကြသောနေရာဖြစ်သည်နှင့်အညီ ရက်ကန်းခတ်သံများဖြင့် ပြည်နယ်၏ အလှကို ဖော်ဆောင်လျက်ရှိသည်။

**ဂျိန်းဖော့သူ စက်ရက်ကန်းလုပ်ငန်း**

ရပ်ပူရပ်ကွက်၌ ကချင်ပြည်နယ် SME အသင်းဝင် ဦးထွန်းထွန်းနိုင်၏ ဂျိန်းဖော့သူ စက်ရက်ကန်းလုပ်ငန်းတွင် ကုန်ကြမ်းမှ ကုန်ချောကချင်ရက်ကန်းထည်များ ထုတ်လုပ်နေမှုများနှင့်ပတ်သက်၍ သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုကို တင်ပြလိုပါသည်။ ဂျိန်းဖော့သူ စက်ရက်ကန်း၊ လက်ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူ ဦးထွန်းထွန်းနိုင်သည် လွန်ခဲ့သော ၁၅ နှစ်ခန့်က ရွှေဘိုမြို့ ဆိပ်ခွန်ရွာမှ မြစ်ကြီးနားသို့ ပြောင်းရွှေ့အခြေချလုပ်ကိုင်ခဲ့ပြီး လက်ရှိအချိန်တွင် စက်ရက်ကန်းစင် ၁၀၀၊ လက်ရက်ကန်းစင် ၅၀ တပ်ဆင်ထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အထည်များထုတ်လုပ်မှုလုပ်ငန်းတွင် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ချည်များ၊ ဆေးများကို မန္တလေးမှတစ်ဆင့် မှာယူရကြောင်း၊ ကုန်ကြမ်းမှ ကုန်ချောဖြစ်အောင် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို မြစ်ကြီးနားမြို့တွင်သာ ပြုလုပ်ကြောင်း သိရသည်။ ထူးခြားမှုအနေဖြင့် ချည်ထည်များကို လိုအပ်သော ဆေးအရောင်ဆိုးရာတွင် အသုံးပြုသည့် မြစ်ကြီးနားမြို့မှရေမှာ အထည်များ၏ အရည်အသွေးကို မြှင့်တင်ရာတွင် များစွာအထောက်အကူပြုကြောင်း ဦးထွန်းထွန်းနိုင်၏ ပြောပြချက်အရ သိရသည်။

> ❍ **ရက်ကန်းလုပ်ငန်းတွင် ရက်ကန်းလုပ်သားရှားပါးမှုသည် အဓိကအခက်အခဲဖြစ်ကြောင်း၊ လက်ရက်ကန်းအတွက် လျှပ်စစ်မီးမလိုအပ်သော်လည်း စက်ရက်ကန်းအတွက် လျှပ်စစ်မီးသည် အဓိကကျသဖြင့် စက်သုံးဆီနှင့် လုပ်ငန်းလည်ပတ်ချိန်တွင် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်မှုကြုံတွေ့ရကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သုံးစွဲသူပြည်သူများ၏ ဝယ်လိုအားကိုရယူ၍ ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်နှင့်အညီ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်မှသာ မိမိတို့ကုန်ပစ္စည်းများ ဈေးကွက်တွင် ရောင်းပန်းလှနိုင်ပြီး ပိုမိုတိုးတက်နိုင်ကြောင်းလည်း ပြောကြားသည်**

**အခက်အခဲများ**

ရက်ကန်းလုပ်ငန်းတွင် ရက်ကန်းလုပ်သားရှားပါးမှုသည် အဓိကအခက်အခဲဖြစ်ကြောင်း၊ လက်ရက်ကန်းအတွက် လျှပ်စစ်မီးမလိုအပ်သော်လည်း စက်ရက်ကန်းအတွက် လျှပ်စစ်မီးသည် အဓိကကျသဖြင့် စက်သုံးဆီနှင့် လုပ်ငန်းလည်ပတ်ချိန်တွင် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်မှုကြုံတွေ့ရကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သုံးစွဲသူပြည်သူများ၏ ဝယ်လိုအားကိုရယူ၍ ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်နှင့်အညီ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်မှသာ မိမိတို့ကုန်ပစ္စည်းများ ဈေးကွက်တွင် ရောင်းပန်းလှနိုင်ပြီး ပိုမိုတိုးတက်နိုင်ကြောင်းလည်း ၎င်းက ဆက်လက်ဆွေးနွေး ပြောကြားသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်သည့်အတွက် ရက်ကန်းလုပ်ငန်းသည်လည်း ဒေသခံပြည်သူများ၏ အလုပ်အကိုင် တိုးပွားရရှိစေပြီး လူမှုစီးပွားဘဝကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလျက်ရှိသည်။

အဆိုပါ အထည်ထုတ်လုပ်မှုလုပ်ငန်းတွင် ကချင်ပုဆိုး၊ ကချင်လုံချည်၊ ဂျပ်ခုတ်အပွင့်ဖောက်များကို အများဆုံးထုတ်လုပ်ပြီး ချည်အသုံးပြုမှုအနေဖြင့် (၂ x ၈၀)တိုင်၊ (၂ x ၁၀၀)ဖောက် ချည်ချောများဖြင့် အများဆုံးရက်လုပ်ကြောင်း၊ ထိုကဲ့သို့ ချည်ထည်များထုတ်လုပ်ရာတွင် မှာယူသည့်အရေအတွက်များကို စိတ်တိုင်းကျ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။



**အလုပ်အကိုင်များ ဖန်တီးပေးနေ**

ရိုးရာရက်ကန်းလုပ်ငန်းများတွင် ဒေသနေလုပ်သားများအပြင် အခြားဒေသများမှ ရက်ကန်းလုပ်သားများလည်း မိသားစုလိုက် လာရောက်လုပ်ကိုင်နေသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိစေလျက်ရှိသည်။ ရက်ကန်းလုပ်ငန်းမှ လုပ်သားများ၏ လစဉ်ဝင်ငွေသည် အနိမ့်ဆုံးငွေကျပ် နှစ်သိန်းမှ အမြင့်ဆုံးငွေကျပ် လေးသိန်းအထိ ရရှိကြောင်း၊ စက်ရုံအနေဖြင့် တစ်နှစ်လျှင် ချည်ထည်ကွင်းအရေအတွက် ၁၆၂၀၀၀ အထိ ထုတ်လုပ်နိုင်ကြောင်းလည်း သိရသည်။ လုပ်ငန်းလည်ပတ်နေမှုကြောင့် တစ်နှစ်လျှင် လုပ်သားဦးရေ ၂၁၆၀၀ ကျော်အထိကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ကြောင်း သိရသည်။ ထို့ပြင် အထည်ထုတ်လုပ်မှုလုပ်ငန်းတည်ရှိရာ အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများအား ချည်ချခြင်း၊ ရက်ဖောက်လုပ်ငန်းလုပ်ကိုင်ခြင်း၊ ရဟတ်လုံးများ ဆောင်ရွက်ခြင်းတို့ကို ပုတ်ပြတ်စနစ်လုပ်ကိုင်စေခြင်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် အပိုဝင်ငွေရအောင် ဖန်တီးပေးနိုင်ကြောင်းလည်း သိရသည်။

ဒေသတွင်း ကျွမ်းကျင်လုပ်သားများလိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရက်ကန်းပညာကို သင်ယူလိုသူများအတွက် သင်ကြားပေးခြင်းများလည်း လုပ်ဆောင်လျက်ရှိပြီး ကျွမ်းကျင်တတ်မြောက်ပါက မိမိလုပ်ငန်းတွင်သာမက အခြားလုပ်ငန်းများတွင်ပါ လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မည့်သူများကို ဈေးကွက်တွင် သုံးစွဲသူနှစ်သက်မည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိခြင်း၊ လုပ်ငန်းတူအချင်းချင်း လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် လုပ်ငန်းဖြစ်၍ များစွာဂုဏ်ယူမိပါကြောင်း ဦးထွန်းထွန်းနိုင်က ဆက်လက်ပြောကြားသည်။

ရိုးရာရက်ကန်းလုပ်ငန်းများမှ အရည်အသွေးမြင့်မားသည့်အထည်များ ထုတ်လုပ်နိုင်ရန် နည်းပညာသင်တန်းများပေးခြင်း၊ ကုန်ကြမ်းများကို အစုအဖွဲ့ဖြင့် တင်သွင်းနိုင်ရေး၊ နည်းပညာများ၊ စက်ပစ္စည်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်ပေးခြင်း၊ လုပ်ငန်းတူအချင်းချင်း ဒေသအသီးသီးတွင် လေ့လာရေးများ သွားရောက်နိုင်ရေး ချိတ်ဆက်ပေးခြင်းတို့ ဆောင်ရွက်နိုင်ပါက ပြည်ပဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်မည်ဖြစ်သည့်အတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးကို သက်ဆိုင်ရာတာဝန်ရှိသူများကလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်မှ ဂျိန်းဖော့သူ စက်ရက်ကန်းလုပ်ငန်း။

## တရုတ်နိုင်ငံ ပေကျင်းမြို့၌ (၁၈) ကြိမ်မြောက် ကမ္ဘာ့ရေညီလာခံစတင်

**ပေကျင်း စက်တင်ဘာ ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ (၁၈) ကြိမ်မြောက် ကမ္ဘာ့ရေညီလာခံကို "အားလုံးအတွက် ရေအရင်းအမြစ် လူသားများနှင့် သဘာဝတရားတို့ကြား သဟဇာတဖြစ်မှု" ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၁ ရက်မှစ၍ ငါးရက်ကြာ ကျင်းပလျက်ရှိသည်။

အဆိုပါညီလာခံသို့ နိုင်ငံနှင့် ဒေသပေါင်း ၆၀ ကျော်မှ နိုင်ငံတကာကိုယ်စားလှယ် ၆၀၀ နီးပါး၊ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၃၀ ကျော်အပါအဝင် ရေနှင့်ပတ်သက်သည့် အဖွဲ့အစည်းများနှင့် တရုတ်နိုင်ငံမှ ရေအရင်းအမြစ်ပညာရှင် ၇၀၀ နီးပါး တက်ရောက်ကြသည်။

(၁၈) ကြိမ်မြောက် ကမ္ဘာ့ရေညီလာခံတွင် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများအကြား ရေ-လုပ်သား – စီးပွားရေးနှင့် ဂေဟစနစ်ဆက်စပ်မှု၊ ရေထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ထိရောက်စွာမြှင့်တင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးရေးအတွက် ခံနိုင်ရည်အား တည်ဆောက်ခြင်း၊ ရေနေဂေဟစနစ် ကျန်းမာရေးနှင့် လုပ်ငန်းဆောင်တာများကို ပံ့ပိုးပေးခြင်း၊ ရေရှည်တည်တံ့သော ရေအခြေခံအဆောက်အအုံများ ထူထောင်ခြင်း၊ ရေစီမံခန့်ခွဲမှုနှင့် စီမံခန့်ခွဲမှုအတွက် ဆန်းသစ်တီထွင်မှု စသည့်ခေါင်းစဉ်ခွဲခြောက်ခုဖြင့် ဆွေးနွေးသွားမည်ဖြစ်သည်။

ညီလာခံဖွင့်ပွဲအခမ်းအနားတွင် တရုတ်နိုင်ငံ၏ ရေအရင်းအမြစ်ဝန်ကြီး လီဂို့ရင်းက ကမ္ဘာကြီးသည် ရေဘေးအန္တရာယ်၊ ရေအရင်းအမြစ်၊ ရေဂေဟစနစ်နှင့် ရေပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ပိုမိုဆိုးရွားစွာ ရင်ဆိုင်နေရသောကြောင့် ရေစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များမျှဝေရန် အလွန်အရေးကြီးကြောင်း ပြောကြားသည်။

(၁၈) ကြိမ်မြောက် ကမ္ဘာ့ရေညီလာခံ ပိတ်ပွဲအခမ်းအနားတွင် ပေကျင်းကြေညာချက်ကိုလည်း ထုတ်ပြန်သွားဖွယ်ရှိသည်။

**ဆင်ဟွာ**

## ဖူကူရှီးမား ဒိုင်အိချိ စက်ရုံမှ စွန့်ပစ်ရေများထုတ်လွှတ်မှု ပထမအကျော့ပြီးစီး

**တိုကျို စက်တင်ဘာ ၁၁**



ပျက်စီးသွားသော ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ထားသော စွန့်ပစ်ရေများကို ပင်လယ်ထဲသို့ စွန့်ထုတ်မှု ပထမအကြိမ် ပြီးသွားပြီဖြစ်သည်။

တိုကျို လျှပ်စစ်စွမ်းအင်ကုမ္ပဏီက ဩဂုတ် ၂၄ ရက်က စတင်လုပ်ဆောင်ခဲ့သည့် ပထမအကျော့ စွန့်ပစ်ရေများ စွန့်ထုတ်ခြင်းလုပ်ငန်းများ စက်တင်ဘာ ၁၁ ရက်တွင် ပြီးဆုံးကြောင်း ကြေညာသည်။

စက်ရုံအတွင်းရှိ ရေများကို သန့်စင်ပြီးနောက် စွန့်ပစ်ရာတွင် တစ်ရက်လျှင် စွန့်ပစ်ရေပမာဏ တန်ချိန် ၄၆၀ ခန့်ကို သမုဒ္ဒရာထဲသို့ ထုတ်လွှတ်ခဲ့သည်။

ပထမအသုတ်တွင် စီစဉ်ထားသည့်အတိုင်း စက်ရုံဝင်းအတွင်း အပြည့်ထည့်ထားသော တိုင်ကီ ၁၀ လုံးနှင့် ညီမျှသည့် စွန့်ပစ်ရေပမာဏ တန်ချိန် ၇၈၀၀ ကို စွန့်ထုတ်ခဲ့ကြောင်း တိုကျိုလျှပ်စစ်စွမ်းအင်ကုမ္ပဏီက ပြောကြားသည်။ ရေများစွန့်ထုတ်ပြီးနောက် နျူကလီးယား ဓာတ်အားပေးစက်ရုံ၏ ၃ ကီလိုမီတာအတွင်း ပင်လယ်ပြင်မှ ယူဆောင်လာသော ရေနမူနာများကို ဓာတ်ခွဲစစ်ဆေးရာတွင် အမြင့်ဆုံးထရစ်တီယမ်ပြင်းအား တစ်လီတာလျှင် ၁၀ ဘက်ကွာရယ်သာရှိပြီး ယင်းပမာဏသည် ရေများစွန့်ပစ်ရန်အတွက် သတ်မှတ်ထားသော အဆင့်ဖြစ်သည့် တစ်လီတာလျှင် ၇၀၀ ဘက်ကွာရယ်အောက်သာ ရှိသည်ဟု ဆိုသည်။

ရေဆိုးများ စွန့်ထုတ်ခြင်းကို လာမည့်မတ်လကုန်တွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွင်း လေးကြိမ်လုပ်ဆောင်ရန် စီစဉ်ထားပြီး စုစုပေါင်း စွန့်ပစ်ရေတန်ချိန် ၃၁၂၀၀ ကို ထုတ်လွှတ်သွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံ၌ ဩဂုတ်လတွင် ဒေဝါလီခံရသည့် ကုမ္ပဏီအရေအတွက် သိသိသာသာ မြင့်တက်လာ

**တိုကျို စက်တင်ဘာ ၁၁**

ဂျပန်နိုင်ငံ၌ အသေးစားနှင့် အလတ်စား ကုမ္ပဏီများသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ယူထားသောသက်သာချေးငွေများကို ပြန်လည်ပေးဆပ်ရန် ရုန်းကန်နေရသည့်အတွက် ကုမ္ပဏီများ ဒေဝါလီခံရမှုမှာ ဩဂုတ်လတွင် သိသာစွာမြင့်တက်လာကြောင်း ချေးငွေသုတေသနကုမ္ပဏီတစ်ခုက ပြောသည်။

ပြီးခဲ့သည့်လတွင် ကုမ္ပဏီပေါင်း ၇၄၂ ခုမှာ စာရင်းရှင်းဖျက်သိမ်းရေးလုပ်ငန်းစဉ်စတင်ခဲ့သည့်အတွက် ယမန်နှစ်က အလားတူကာလကထက် ၅၀ ဒသမ ၅ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း တိုက်ကိုကုဒေတာဘဏ်က ပြောသည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်တွင် လက်ရှိဒေဝါလီခံသည့်ပုံစံအတိုင်း မှတ်တမ်းတင်ပြုစုခဲ့ပြီးနောက်ပိုင်း တတိယမြောက်အကြီးမားဆုံး မြင့်တက်လာမှုဖြစ်သည့်အပြင် နှစ်အလိုက် ၁၆ နှစ် ဆက်မြင့်တက်လာမှုလည်းဖြစ်ကြောင်း သိရသည်။ ဒေဝါလီခံရသည့် ကုမ္ပဏီတစ်ခုချင်းစီတွင် ကြွေးမြီအနည်းဆုံး ယန်း ၁၀ သန်း (အမေရိကန်ဒေါ်လာ ၇၀၀၀၀ ခန့်) ရှိသည်ဟု ဆိုသည်။

ဝန်ဆောင်မှုလုပ်ငန်း နယ်ပယ်မှာ ကုမ္ပဏီ ၁၈၇ ခုဖြင့် ဒေဝါလီခံရမှု အများဆုံးအရေအတွက်ဖြစ်ပြီး ယင်းနောက်တွင် ဆောက်လုပ်ရေးနှင့် လက်လီရောင်းချသည့် ကုမ္ပဏီများက အများဆုံးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## လစ်ဗျားအရှေ့ပိုင်း၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၅၀ ထက်မနည်း သေဆုံး

**ထရီပိုလီ စက်တင်ဘာ ၁၁**

မြေထဲပင်လယ်မုန်တိုင်း ဒန်နီရယ် (Daniel) ကြောင့် စက်တင်ဘာ ၁၀ ရက်က လစ်ဗျားနိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်အတွက်လူပေါင်း ၁၅၀ ထက်မနည်း သေဆုံးကာ အများအပြားပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၁ ရက်တွင် ပြောသည်။

သေဆုံးသူ အများစုမှာ မြို့တော်ထရီပိုလီ၏ အရှေ့ဘက် ၁၃၀၀ ကီလိုမီတာခန့်အကွာ ဒါနာမြို့မှဖြစ်ကြောင်း အရှေ့ပိုင်းအခြေစိုက် အောက်လွှတ်တော် သတင်းထုတ်ပြန်ရေးရုံး အကြီးအကဲဖြစ်သူ မိုဟာမက်မာဆွတ်ဒ်က ဆင်ဟွာသို့ ပြောသည်။

သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်သေဆုံးသူများအတွက် သုံးရက်ကြာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။ မြေထဲပင်လယ် မုန်တိုင်းသည် စက်တင်ဘာ ၁၀ ရက်က လစ်ဗျားနိုင်ငံ အရှေ့ပိုင်း ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ပြီးနောက် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ မုန်တိုင်းလမ်းကြောင်း တစ်လျှောက်ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

လူမှုရေးရာ ဝန်ကြီးဌာနနှင့် လစ်ဗျားလခြမ်းနီအသင်းတို့သည် သဘာဝဘေးဒဏ်သင့် ဒေသများသို့ အရေးပေါ်အကူအညီများ စတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**





## မော်ရိုကိုငလျင်ကြောင့် သေဆုံးသူ ၂၉၀၇ ဦးနှင့် ဒဏ်ရာရရှိသူ ၂၄၆၇ ဦး အထိရှိလာ

**ရာဘတ် စက်တင်ဘာ ၁၁**

မော်ရိုကိုငလျင်ကြောင့် သေဆုံးသူ ၂၉၀၇ ဦးအထိ မြင့်တက်လာပြီး ဒဏ်ရာရရှိသူ ၂၄၆၇ ဦးအထိရှိလာကြောင်း မော်ရိုကို ပြည်ထဲရေးဝန်ကြီးဌာန၏ စက်တင်ဘာ ၁၁ ရက် နောက်ဆုံးသတင်းထုတ်ပြန်ချက်အရ သိရသည်။

တောင်ကုန်းထူထပ်သောဒေသတွင် လှုပ်ခဲ့သော ငလျင်ကြောင့် လမ်းများကျောက်ဆောင်ကျောက်တုံးများကြောင့် ပိတ်ဆို့လျက်ရှိသော်လည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

မြေပြင်အခြေအနေကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အခက်အခဲဖြစ်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ လခြမ်းနီအသင်း၏ သဘာဝဘေးအန္တရာယ်၊ ရာသီဥတုနှင့် ဘေးဒုက္ခအကျပ်အတည်းဆိုင်ရာ ညွှန်ကြားရေးမှူး ကာရိုလိုင်းဟော့တ်က ပြောကြားလိုက်သည်။ ဝေးလံခေါင်သီသောဒေသသို့ အကြီးစားစက်ကြီးများရောက်ရှိရေးသည် ထိပ်တန်းဦးစားပေးဖြစ်ကြောင်း ၎င်းက ပြောသည်။

ငလျင်ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်သည် မြောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော မော်ရိုကိုနိုင်ငံ၌ သောကြာနေ့ ဒေသစံတော်ချိန် ၁၁ နာရီ ၁၁ မိနစ်က လှုပ်ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ဘူမိဗေဒသုတေသနဌာနက ပြောသည်။

**ဆင်ဟွာ**



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Model Auxiliary Verbs or Model Verbs တွေအကြောင်းဖော်ပြတဲ့နေရာမှာ can နဲ့ could အကြောင်း ပိုမိုနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ ပြည့်ပြည့်စုံစုံလေးဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Immigrant Life-V" နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ တခြားနိုင်ငံတစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life-V" ဆိုပြီးဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် (Antonyms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

အရင်အပတ်က Can နဲ့ Could တို့ရဲ့ အဓိပ္ပာယ်၊ အသုံးပြုပုံ၊ ဝါကျရေးဖွဲ့ပုံတွေကို နားလည်သဘောပေါက်အောင် နမူနာဝါကျများနဲ့တကွ ရှင်းလင်းဖော်ပြလိုက်ပါတယ်။ ဒီတစ်ပတ်မှာတော့ Can နဲ့ Could အကြောင်း ပိုမိုနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ ထပ်မံဖော်ပြလိုက်ပါတယ်။

**Exercise (1) Can you do these things? Write sentences with can or can't.**

1. (swim) I can swim. / I can't swim.
2. (ski) I ………………………………………………………………
3. (play chess) …………………………………………………………
4. (run 10 kilometres) ………………………………………………
5. (drive a car) …………………………………………………………
6. (ride a horse) ………………………………………………………

**Exercise (2) Complete these sentences. Use can or can't + one of these verbs.**

| come | find | hear | see | speak |
|---|---|---|---|---|

1. I'm sorry but we …………..to your party next Saturday.
2. I like this hotel room. You ………………..the mountains from the window.
3. You are speaking very quietly. I …………………… you.
4. Have you seen my bag? I ……………………………….. it.
5. Catherine got the job because she ………five languages.

**Exercise (3) Complete these sentences. Use can't or couldn't one of these verbs.**

| eat | decide | find | go | go | sleep |
|---|---|---|---|---|---|

1. I was tired but I ……………………………….
2. I wasn't hungry yesterday. I …………………… my dinner.
3. Ann doesn't know what to do. She ………………………..
4. I wanted to speak to Martin yesterday, but I ………him.
5. Jim ………to the concert next Saturday. He has to work.
6. Paula ………to the meeting last week. She was ill.

**Exercise (4) What do you say? Use can or could and the words in brackets.**

1. The man is carrying lots of books. The door is closed. There is another man near the door. (open)
   Could you open the door, please?
2. **The man wants the salt but the bottle of salt is a little far from him but another woman is sitting near that salt. (pass)**
   ……………………………………………
3. **The girl is listening to the radio but another girl is studying for her exam. (turn off)**
   ………………………………………
4. **He is at one of the good restaurants and wants to order something but he doesn't have menu. (have)**
   ………………………………………………………
5. **She wants to call her friend but unluckily she doesn't have her phone number. One of her friends know the number. (give)**
   ……………………………………

Grammar Notes

1. **Can and could are used to express permission.**
   Can နှင့် Could ကိုခွင့်ပြုခြင်းတွေကို ဖော်ပြဖို့ အသုံးပြုပါတယ်။
2. **The use of 'could I' is more polite than the use of 'can I'.**
   **Could I ကို သုံးတာက can I ကို သုံးတာထက် ပိုပြီးယဉ်ကျေးပါတယ်။**
3. **When we talk about present and past, can and could is possible but the words in the sentences show present can is preferable but for the past could is better.**
   ပစ္စုပ္ပန်နဲ့အနာဂတ်ကို ဖော်ပြပြောဆိုတဲ့နေရာမှာ can နဲ့ could ကို သုံးနိုင်သော်လည်း ဝါကျထဲမှာ ပစ္စုပ္ပန်ကိုဖော်ပြတဲ့ တခြားကြိယာတစ်လုံးလုံးရှိမယ်ဆိုရင်တော့ can ကိုသုံးနိုင်ပါတယ်။ သို့သော်လည်း အတိတ်ကာလကို ညွှန်ပြတဲ့ စကားလုံးတစ်လုံးလုံးပါမယ်ဆိုရင်တော့ could က ပိုကောင်းပါတယ်။

## VOCABULARY (ANTONYMS)

1. **tiny (သေးငယ်သော) ≠ huge (ကြီးမားသော)**
2. **top (ထိပ်ပိုင်း၊ ထိပ်ဆုံး) ≠ bottom (အောက်ခြေပိုင်း၊ အောက်ဆုံး)**
3. **truth (အမှန်တရား) ≠ lie (အလိမ်အညာ)**
4. **ugly (ရုပ်ဆိုးသော) ≠ beautiful (လှပသော)**
5. **under (အောက်မှာ) ≠ over (အပေါ်မှာ)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

# CONVERSATION



## Shortest way to talk about "Immigrant Life – V"

ဒီတစ်ပတ်မှာတော့ "Immigrant Life–V" နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ တခြားတိုင်းပြည်တစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life–V" ဆိုပြီးဖော်ပြလိုက်ပါတယ်။

**Conversation**

**Immigrant Life Part –5**

**Asking for and Giving Directions**

**Laura:** Hi Rob. I'm in the bus station. ***Can you tell me how to get to the office?***

**Rob (Boss):** Hello, Laura. Oh, it's very easy. You need to cross the road, then turn left, go straight ahead past the restaurant and the clothes shop and the next building is our office.

**Laura:** Oh, yes, I can see it now. It's a blue building and it's the tallest on the street.

**Rob (Boss):** That's right. I'm waiting for you at the reception.

**Laura:** I'll be there ***in 5 minutes.***

**What do you think of Miami?**

**Rob (Boss):** Laura, it's good to finally to meet you!

**Laura:** Nice to meet you, too, Rob.

**Rob (Boss):** Welcome to Miami. Do you like our headquarters here?

**Laura:** Yes, it's very big. How many people work here?

**Rob (Boss):** About 500 people. Do you want to see our offices?

**Laura:** Yes, sure.

**Rob (Boss):** So, what do you think of Miami, Laura?

**Laura:** Well, it's hot, loud and crowded with people. But there are some amazing views and the beaches are so nice.

**Rob (Boss):** When did you get here?

**Laura:** I arrived yesterday. ***My flight was a bit late landing because of wind.***

**Rob (Boss):** And where are you staying?

**Laura:** I'm staying in an apartment in Liberty Square. ***It's convenient because it's not very far from here.***

**Rob (Boss):** So you're German. Your English is very good. ***I'm sure you're gonna do a great job here.***

**Laura:** Thank you, I surely hope so.

**Language Focus**

**Can you tell me how to get …?**

၁။ ကိုယ်မသိတဲ့ နေရာတစ်ခုခုကို မေးရင် အထူးသဖြင့် လမ်းမေး၊ နေရာမေးရင် အခုလိုမျိုးမေးမြန်းနိုင်ပါတယ်။ ဥပမာ –

– Can you tell me how to get to the office?
  ရုံးကိုဘယ်လိုသွားရမလဲဆိုတာ ကျွန်တော့်ကို ပြောပြပေးနိုင်မလား။

**….. in 5 minutes.**

၂။ ဒီနေရာမှာ ပြောချင်တာကတော့ သတ်မှတ်ထားတဲ့အချိန်နာရီအတွင်းဆိုတဲ့ အသုံးအနှုန်းပဲ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ မိနစ်အတွင်းမှာဆိုရင် in မိနစ်၊ သတ်မှတ်ထားတဲ့ နာရီအတွင်းမှာဆိုရင် in နာရီ စသဖြင့်ပြောဆိုသုံးနှုန်းနိုင်ပါတယ်။ ဥပမာ–

– I'll be here in 5 minutes.
  ကျွန်တော် ဒီနေရာကို ငါးမိနစ်အတွင်း ရောက်မယ်။

**….. because of Noun**

၃။ တစ်ခုခုကြောင့်၊ ဘာကြောင့်၊ ညာကြောင့် ဆိုပြီးပြောရင် because of နဲ့သုံးနိုင်ပါတယ်။ because of ရဲ့နောက်မှာတော့ Noun phrase (နာမ်စကားစု) လိုက်နိုင်ပါတယ်။ ဥပမာ –

– My flight was a bit late landing because of wind.
  လေကြောင့် လေယာဉ်ဆင်းတာ နည်းနည်းနောက်ကျသွားတယ်။

**… because …**

၄။ ဒီနေရာမှာတော့ because ရဲ့အသုံးလေးကို ပြောချင်ပါတယ်။ because ဆိုတာ စကားဆက်ဖြစ်တဲ့ conjunction တစ်မျိုးပါပဲ။ because နဲ့သုံးပြီး ဝါကျပြောမယ်၊ ရေးမယ်ဆိုရင်တော့ because ရဲ့နောက်မှာ Sub + Verb လိုက်နိုင်ပါတယ်။ Because ရဲ့ အဓိပ္ပာယ်ကတော့ အဘယ်ကြောင့်ဆိုသော် ဆိုပြီး ဘာသာပြန်ကြည့်နိုင်ပါတယ်။ ဥပမာ –

– It's convenient because it's not very far from here.

**You're gonna do …**

၅။ going to = gonna ဆိုပြီး စကားပြောရင်သုံးနိုင်ပါတယ်။ gonna ရဲ့နောက်မှာ V–inf ပဲလိုက်ရမှာဖြစ်ပါတယ်။ မကြာမီမှာ လုပ်တော့မယ်ဆိုတဲ့ သဘောမျိုးပြောရင်သုံးနိုင်ပါတယ်။ ဥပမာ –

– You're gonna do a great job here.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၃ သန်းကျော် ကုန်သွယ်မှုဆောင်ရွက်

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၆ ဒသမ ၄၈၈ အမေရိကန် ဒေါ်လာသန်းနှင့် သွင်းကုန်၂၆ ဒသမ ၉၅၂ အမေရိကန်ဒေါ်လာသန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၃၃ ဒသမ ၄၄၀ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ တန် ၂၃၉၀ ဒသမ ၈၀၀၊ ချုပ်ပြီးအထည် ၉၅၁၃၄ ထည်၊ ငရုတ်သီး (ခြောက်) ၁၄၅ ဒသမ ၄၁၀ တန်၊ ငရုတ်သီး(စိမ်း)(အစို) ၃၇၈ ဒသမ ၂၂၁ တန်၊ကွမ်းသီး ၄၀၅ ဒသမ ၀၄၀ တန်၊ နှမ်းဖြူ ၁၄ ဒသမ ၉၆၀ တန်၊ နှမ်းညို ၆၀ တန်၊ ဂေါ်ဖီထုပ် ၅၄၂ ဒသမ ၅၀၀ တန်၊ ပြောင်း ၁၂၄၈ ဒသမ ၂၆၀ တန်နှင့် သတ္တုနှင့် သတ္တုရိုင်း ၂၃၀ တန်တို့ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမျိုးမှာ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ လေအေးစက်များ၊ စက်နှင့် စက်ပစ္စည်းများ၊ ဆပ်ပြာ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ဘက်ထရီအခြောက်များ၊ ပုံနှိပ်စက္ကူများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများနှင့် အခြားစက္ကူတို့ ဖြစ်ပါသည်။



ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများကို တွင်ကျယ်စွာဆောင်ရွက်လာမှုနှင့်အတူ အသုံးပြုရန် လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအား မြင့်တက်နေ၍ လတ်တလော ကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်းနှင့် ကုန်ပစ္စည်းစစ်ဆေးမှုများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ ငွေဈေးနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၉၈ ဒသမ ၀၃ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၈ ရက်အတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ၆ ဒသမ ၀၄၃ အမေရိကန်ဒေါ်လာသန်းနှင့် သွင်းကုန် ၁၇ ဒသမ ၇၁၈ အမေရိကန်ဒေါ်လာသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် ၂၃ ဒသမ ၇၆၁ အမေရိကန်ဒေါ်လာသန်းဖြစ်ပြီး ယခင်နှစ်ကာလတူ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၈ ရက်အတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ၁ ဒသမ ၉၁၄ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၂ ဒသမ ၀၄၀ အမေရိကန်ဒေါ်လာသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ၃ ဒသမ ၉၅၄ အမေရိကန်ဒေါ်လာသန်းဖြစ်၍ ယခင်နှစ်ကာလတူထက် ပို့ကုန် ၄ ဒသမ ၁၂၉ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၁၅ ဒသမ ၆၇၈ အမေရိကန်ဒေါ်လာသန်း ပိုမိုခဲ့ခြင်းကြောင့် ယခုနှစ်တွင် ကုန်သွယ်မှုပမာဏအနေဖြင့် ၁၉ ဒသမ ၈၀၇ အမေရိကန် ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

တင်ပို့သည့် ပို့ကုန်အမည်များအနက် ဆန်ကွဲ၊ ပြောင်း၊ ပဲလွန်းဖြူ၊ မြေထောက်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ စွန်တာနီ၊ ပဲယဉ်း၊ နိုင်လွန်ပဲ၊ မြေပဲဆန်၊ ဘိုကိတ်ပဲ၊ ပဲနီကြား၊ နှမ်းနက်၊ ရော်ဘာကြမ်း၊ ရော်ဘာ၊ ဝဥခြောက်နှင့် CMPပစ္စည်းများတင်ပို့မှုပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုအုပ်စု၊ လုပ်ငန်းသုံးပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတို့ ပိုမိုခဲ့သောကြောင့်ကုန်သွယ်မှုပိုမိုခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ လယ်ယာထွက်ကုန်များ၏ တစ်တန် ဈေးနှုန်းမှာ ဆန် ၃၂၀၀ ယွမ်၊ ဆန်ကွဲ ၃၁၀၀ ယွမ်၊ ပဲတီစိမ်း ၅၉၀၀ ယွမ်၊ မြေထောက်ပဲ ၈၀၀၀ ယွမ်၊ ပဲလွန်းဖြူ ၄၇၀၀ ယွမ်၊ ပြောင်း ၂၃၀၀ ယွမ်၊ နှမ်း ၁၂၀၀၀ ယွမ်၊ ရော်ဘာ ၈၀၀၀ ယွမ်၊ ငရုတ်အစို ၅၀၀၀ ယွမ်၊ ငရုတ်ခြောက် ၉၀၀၀ ယွမ်ရှိကြောင်း သိရှိရသည်။

## စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေ

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၃၄၆ သန်း တင်ပို့ခဲ့ပြီး သွင်းကုန်တင်သွင်းခဲ့မှု မရှိသည့်အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၀ ဒသမ ၀၃၄၆ သန်း ဆောင်ရွက်နိုင်မှုရှိကြောင်း သိရသည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၆၈ တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ နှုန်းဖြင့် ၆၁ တန်၊ ချင်းအစို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀နှုန်းဖြင့် ၄၄ တန်နှင့် ဆီးယိုထုပ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀ နှုန်းဖြင့် လေးတန် တင်ပို့နိုင်ခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၈ တာကာနှင့် တစ်တာကာလျှင် ငွေကျပ် ၂၉ ဒသမ ၈၀ဖြစ်ကြောင်း သိရသည်။

## ရွှေဘိုဈေးကွက်၌ ပဲတီစိမ်းဈေးနှုန်း အနည်းငယ်မြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ ပဲတီစိမ်းသီးနှံများ ဧပြီလနောက်ဆုံးပတ်မှစတင်၍ ဝင်ရောက်ခဲ့ပြီး စက်တင်ဘာလပထမပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၅၄၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၉၀၀၊ တန်အားဖြင့် ၂၉ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဩဂုတ်လ နောက်ဆုံးပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ပေါက်ဈေးရှိခဲ့ရာ ဩဂုတ်လ နောက်ဆုံးပတ်နှင့် စက်တင်ဘာလ ပထမပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းနှိုင်းယှဉ်ပါက စက်တင်ဘာလ ပထမပတ်၌ ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၄၀၀၀ ဈေးနှုန်း ပိုမိုခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ရွှေဘိုဈေးကွက်သို့ ပဲတီစိမ်းသီးနှံ ဝင်ရောက်မှုနည်းပါးသော်လည်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

### ၁၁ - ၉ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၃၀၀ | | ၁၂၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၁၆၀၀၀ | ၇၄၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၀၀၀ | ၂၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၅၆၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၄၉၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၃၀၀ | ၄၈၀၀ | ၈၃၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၄၄၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၁၅၀၀၀ | ၄၉၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၈၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၉၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၃၇၀၀ | ၉၅၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၃၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၅၃၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၉၃၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀ | ၈၅၀၀ | ၇၈၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၄၆၀၀ | ၂၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၅၀ | | ၁၆၀၀၀ | ၄၆၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၈၄၀၀ | ၉၀၀၀ | ၅၁၀၀ | ၅၆၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၆၅၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၈၄၀၀ | ၉၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၃၀၀ | ၁၅၅၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၊ ပဲဆီတစ်ပိဿာလျှင် ကလေးတွင် ငွေကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၃၀၀၊ မုံရွာတွင် ငွေကျပ် ၁၀၀၊ မန္တလေးတွင် ငွေကျပ် ၆၀၀၊ ပုသိမ်တွင် ငွေကျပ် ၄၀၀၊ မကွေးတွင် ငွေကျပ် ၁၃၀၀၊ ပဲခူးတွင် ငွေကျပ် ၂၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ မြိတ်တွင် ငွေကျပ် ၁၀၀၊ ပျဉ်းမနားတွင် ငွေကျပ် ၄၀၀၊ နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၀၊ တောင်ကြီးနှင့် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ ရန်ကုန်တွင် ငွေကျပ် ၂၀၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ကလေးတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၊ မုံရွာတွင် ငွေကျပ် ၅၀၀၊ အာလူး တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၂၀၀၊ စစ်တွေတွင် ငွေကျပ် ၁၀၀၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ကလေးတွင် ငွေကျပ် ၂၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ကလေးတွင် ငွေကျပ် ၂၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန်တစ်ပြည်လျှင် မော်လမြိုင်တွင် ငွေကျပ် ၂၅၀၊ မုံရွာတွင် ငွေကျပ် ၆၀၀၊ ကလေးတွင် ငွေကျပ် ၅၀၀၊ ဧစိန်ဆန် တစ်ပြည်လျှင် ကလေးတွင် ငွေကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၅၀၀၊ ကျိုင်းတုံတွင် ငွေကျပ် ၁၀၀၊ ဘားအံတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၃၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၅၀၀၀၊ ဘားအံနှင့် မုံရွာတွင် ငွေကျပ် ၁၀၀၀၊ စစ်တွေတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်နှင့် စစ်တွေတွင် ငွေကျပ် ၁၀၀၊ ပုသိမ်တွင် ငွေကျပ် ၄၀၀၊ ပဲခူးတွင် ငွေကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မော်လမြိုင်၊ ရန်ကုန်နှင့် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ ပဲခူးတွင် ငွေကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၂၀၀၊ ပဲခူးတွင် ငွေကျပ် ၃၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးနှင့် ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ မြိတ်တွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၅၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၂၀၀၀ ဈေးကျခဲ့ပါသည်။




# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်ရောင်း)၌ ဆေးဝါးများထုတ်လုပ်နေမှုကြည့်ရှု

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့ဆေးဝါး လုပ်ငန်း ဆေးဝါးစက်ရုံ(အင်ရောင်း)သို့ သွားရောက်ကြည့်ရှုကြသည်။

ရောက်ရှိပြီးရှင်းလင်းဆောင်၌ မြန်မာ့ဆေးဝါး လုပ်ငန်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး) ဦးဝင်းဌေး၊ အထွေထွေမန်နေဂျာ(အရည်အသွေးထိန်းသိမ်းရေး) ဒေါက်တာ အောင်ဇော်၊ အထွေထွေမန်နေဂျာ(စီမံရေး) ဒေါ်စန္ဒာသိန်း၊ ဆေးဝါးစက်ရုံ(အင်ရောင်း) စက်ရုံမှူး ဒေါ်အေးသီတာထွန်းနှင့် တာဝန်ရှိသူ များ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က ပြည်သူလူထုအတွက် လိုအပ်သည့် အချို့သောဆေးဝါးများကို နိုင်ငံခြားမှ မှာယူတင်သွင်းနေရသည့်အတွက် ပြည်တွင်း၌ ဆေးဝါးလိုအပ်ချက်များကို ဖြည့်ဆည်းသွားနိုင်ရေး နိုင်ငံတော်၏မူဝါဒများ နှင့်အညီ အောင်မြင်အောင်အကောင်အထည် ဖော်ကြိုးစားသွားကြရမည် ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

ယင်းနောက် စက်ရုံမှူးက စက်ရုံသမိုင်း အကျဉ်း၊ ထုတ်လုပ်မှုအဆောက်အအုံများ တည်ဆောက်ထားရှိမှု၊ ဖွဲ့စည်းပုံ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO Guidelines) နှင့် ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ် (GMP Guideline)တို့အတိုင်း စက်ရုံမှ တစ်ခါသုံး ဆေးထိုးအပ်၊ သွေးကြောသွင်းဆေးရည်၊ ထိုးဆေး၊ ဆေးမှုန့်၊ ဆေးရည်၊ လိမ်းဆေးများ စုစုပေါင်း ၄၂ မျိုး ထုတ်လုပ်နေမှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဆေးဝါးများထုတ်လုပ်ရန် လျာထားချက်၊ ISO 9001:2015 Certificate ရရှိမှု၊ နှစ်အလိုက်ဆေးဝါးများ သုတေသန ဆောင်ရွက်ခဲ့မှုနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကိုဗစ် - ၁၉ ကုသရာတွင် အသုံးပြုသော ဆေး အမယ်သစ်များ တီထွင်စမ်းသပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံမှ ထုတ်လုပ်သောဆေးဝါးများ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်မှု၊ စက်ရုံမှထုတ်လုပ်သည့် ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူသုံးစွဲပြီး ကျန်းမာရေးဝန်ကြီးဌာန၏ စံကုထုံးများနှင့် အညီထုတ်လုပ်ပေးနိုင်ခြင်း၊ သွေးကြောဆေးသွင်းရည်နှင့်ထိုးဆေးအများဆုံးထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို လိုက်လံရှင်းလင်းပြသပေးသည်။ **သတင်းစဉ်**

## လုပ်ငန်းလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များနှင့်



စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို စက်တင်ဘာ ၉ ရက်က ကျင်းပသည်။

ထပ်ဆင့် ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေရေးရာ ဝန်ကြီးဌာနတွင် စက်တင်ဘာ ၂ ရက်က ကျင်းပသည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ မှာကြားချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းက ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းမှာကြားချက်များကို လည်းကောင်း ထပ်ဆင့်ရှင်းလင်းသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ် ဥပဒေအရာရှိများ၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က ပြန်လည်ရှင်းလင်းသည်။

ထပ်ဆင့် ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေရုံး ၁၀ ရုံးနှင့် မြို့နယ်ဥပဒေရုံး ၃၄ ရုံးတို့မှ အရာထမ်း၊အမှုထမ်း ၁၈၇ ဦး တက်ရောက်ကြကြောင်း သိရသည်။**မြန်မာ့အလင်း**

## "သစ်ပင်ဖြစ်ချင်တယ်"အနုပညာပန်းချီပြပွဲပြသ

**ရန်ကုန် စက်တင်ဘာ ၁၁**

ပန်းချီဆရာကြီး သန်းဝင်းထွန်း၏ 11th, Solo Show အဖြစ် "သစ်ပင်ဖြစ်ချင်တယ်"အမည်ပေးထားသောပန်းချီပြပွဲကို စက်တင်ဘာ ၉ ရက်က ဗဟန်းမြို့နယ် အောင်ချမ်းသာအိမ်ရာ (တာမွေအဝိုင်း အိုးရှင်းစူပါမားကက်အနီး) Mandalay Art Gallery ၌ ပြသထားသည်။ "ပြပွဲအမည်ကို သစ်ပင်ဖြစ်ချင်တယ်ဆိုတဲ့ ခေါင်းစီးလေး ပေးထားတာပါ။ဒီခေါင်းစီးလေးက နိုင်ငံခြားရုပ်ရှင်တစ်ခုမှာ အမျိုးသမီးနဲ့ အမျိုးသားတွေ့ပြီး စကားပြောတဲ့အခါမှာ အမျိုးသမီးကနေ သစ်ပင်ဖြစ်ချင်တယ် ဆိုတဲ့စကားလေးကို ပြောတဲ့အခါကျတော့



သစ်ပင် ဘာလို့ဖြစ်ချင်တာလဲ စဉ်းစားရင်းနဲ့သစ်ပင်တွေကိုကြည့်တယ်၊ သစ်ပင်တွေကို လေ့လာတယ်၊ သစ်ပင်တွေရဲ့ အကျိုးကျေးဇူးတရားတွေကို ကျွန်တော်ကြည့်တယ်၊ သစ်ပင်ဖြစ်ချင်တယ် ဆိုတာ လူတွေရဲ့ နားခိုမှုကို အင်မတန် အကျိုးပြုတာပဲလို့ တွေးပြီး သစ်ပင်ဖြစ်ချင်တယ် ဆိုတဲ့ ခေါင်းစီးလေးပေးထားတာပါ" ဟု ပန်းချီဆရာကြီး ဦးသန်းဝင်းထွန်းက ပြောသည်။

အဆိုပါပြပွဲတွင် ရှုခင်းများ၊ တောသဘာဝများ၊ လူမှုဘဝများ စသည့် ပန်းချီကား ၂၇ ကားခန့်ကို ဆီဆေး၊ အခရိုင်းလစ်၊ ရေဆေးဖြင့် ရေးဆွဲပြသထားသည်။ အဆိုပါ ပြပွဲကို စက်တင်ဘာ ၁၃ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက် နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ဆေးရုံများ သန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဌာနဆိုင်ရာများစုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခြင်းကို စက်တင်ဘာ ၉ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ရာ ချောက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးကျော် ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်စဉ်။

ကျော်မိုး(ပြန်/ဆက်)



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်မြသန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စက်တင်ဘာ ၉ ရက်က ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်ပြန်ဆက်(ဟသ်ာတ)

## ပြင်ဦးလွင်မြို့နယ် သမအသင်းစုလီမိတက် နှစ်ပတ်လည်စည်းဝေး

ပြင်ဦးလွင် စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အိုအေစစ် အဆင့်မြင့်ဧည့်ရိပ်မွန်၌ စက်တင်ဘာ ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌဦးအောင်တင်က ဆောင်ရွက်ပြီး အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို မန်နေဂျာဒေါ်ရီရီသိန်းက ရှင်းလင်းဖတ်ကြားသည်။ ထို့နောက် သဘာပတိက တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူပြီး အခြေခံသမဝါယမအသင်းများသို့ အစုပေါ်အမြတ် ကျပ်သိန်း ၄၀ ကျော်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် အခြေခံသမဝါယမ အသင်းအမှုဆောင်သား/သမီးများအား ပညာသင်ထောက်ပံ့ကြေး ငွေကျပ်နှစ်သိန်းတစ်သောင်းကို ထောက်ပံ့ပေးအပ်ပြီး တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များအား ကျပ်နှစ်သောင်းနှုန်းဖြင့် ကျပ်သိန်း ၂၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ ဖြူလူသစ် (ခရိုင် ပြန်/ဆက်)

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၉ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၉၀ ကျပ် | ၂၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၉၅ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၁၅ ကျပ် | ၂၄၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News



## စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ ကျင်းပရာ ဦးစွာစာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဝင် ဦးမျိုးသန့်က အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး(အငြိမ်းစား) ဒေါက်တာဒေါ်ခင်မေစုက အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးတက္ကသိုလ် "အ" သုံးလုံးကျောင်းသားဟောင်း ပန်းချီပညာရှင် ဦးကျော်သောင်းက ဂုဏ်ပြုစကားပြောကြားပြီး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်က သက်ကြီးစာပေပြုစုထုတ်ဝေမှု မှတ်တမ်းအကျဉ်းစာတမ်းကို ဖတ်ကြားသည်။ "အ"သုံးလုံး ကျောင်းသားကျောင်းသူဟောင်းတွေက အသက် ၆၀ မှ ၈၀ အတွင်းရှိတဲ့ လူဟောင်းတွေနဲ့ စုစည်းပြီး တစ်ချိန်က ရှင်သန်ခဲ့တဲ့ ပရဟိတစိတ်ဓာတ်ကို ကိုယ့်ရဲ့ ဘဝနောက်ဆုံးလက်ကျန်အချိန်မှာ အသုံးချရတဲ့အတွက် ဂုဏ်ယူမိပါတယ်"ဟု စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ကို ၂၀၁၄ ခုနှစ်ကစပြီး စာတတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ခဲ့ပြီး တောင်ပေါ်မြေပြန့်အနှံ့ သွားရောက်ပြီး ပြည်သူများကို အခမဲ့ဆေးကုသခွင့်ပေးခြင်း၊ စာမတတ်သောသူများရှိသည့် ဒေသများကိုလည်း စာသင်ကြားပေးခြင်း စသည့်အခြေခံလူတန်းစား၏ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အာကာလင်း

**သစ်ပင်နည်းလာ တိုက်မှာ၊ လွန်စွာပူအေး ဥတုဘေး**




### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 34(T)/DPTSC(Civil)/23-24 | မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံး ဆိုဒ်စုံ စုစုပေါင်း(၁၄၉.၃၃)တန် ဝယ်ယူခြင်း။ |
| ခ | ၀၇/တီ/သယ်ပို့(တင်ဒါ-ခအစ)/ ၂၀၂၃-၂၀၂၄ | ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် Transformer များ သယ်ယူပို့ဆောင်ခြင်း။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၅-၉-၂၀၂၃) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

(၁၁-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၀-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါ သည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၉၀၀၀ | ၁၇၇၁ | ၁၅၉၂၉၀၀၀ |
| MTSH | ၃၁၀၀ | ၃၂၀၀ | ၂၀၂၉ | ၆၃၆၃၉၀၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၁၈ | ၁၃၆၈၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၄၁ | ၂၃၅၆၅၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၂၀၀ | ၄၇၀၀၀၀ |
| EFR | ၂၂၅၀ | ၂၃၀၀ | ၅၇၀ | ၁၂၆၈၀၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၆ | ၂၉၃၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၅၇၉၈ | ၁၀၄၃၆၄၀၀ |

ညီညီ - စုစည်းသည်

## အမည်ပြောင်း

ဦးမင်းဌေး-ဒေါ်မဝေ တို့၏သမီး ပြွန်တန်ဆာမြို့၊ အလင်းရောင်သစ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-8 မှ မဝတ်ရည်စိုး ၃/မဝတ(နိုင်)၁၁၈၆၅၁ အား မဝတ်ရည်ပန်းမြတ်မိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဝတ်ရည်ပန်းမြတ်မိုး**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(ကျိုက္ခမီ) Grade-12မှ ဦးမြဝင်း၏သား မောင်ထက်အောင်၏မိခင် ဒေါ်ရီရီညွန့်၏ အမည်မှန်မှာ ဒေါ်ရီညွန့် ၁၀/သဖရ(နိုင်) ၀၁၈၄၃၂ ဖြစ်ပါကြောင်း။

**ဒေါ်ရီညွန့်**

## အင်္ဂလိပ်အက္ခရာဖောင်းကြွပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ်8H/8266 ၏ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူဝင်း ၈/ပခက(နိုင်)၀၀၀၁၄၄အင်္ဂလိပ်အက္ခရာဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၂)ရေပုန်းကွင်း၊ ဦးပိုင်အမှတ် (၁၃၇/၁၉၈)၊ မြေဧရိယာ ၀ ဒသမ၀၅၅ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၅၃၂/၁၉၉၉-၂၀၀၀အရ ဦးငွေသန်းအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ ကွယ်လွန်ခဲ့သဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၁၁၀/၂၀၂၃) ဖြင့် ဇနီးဖြစ်သူ ဒေါ်စမ်းစမ်းယု(ခ) ဒေါ်ရွှေချိန်မှ မြွက်ဟကြေညာခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်စမ်းစမ်းယု(ခ)ဒေါ်ရွှေချိန်၊ ၆/မအရ(နိုင်)၀၂၇၀၁၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/26457, Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူဖြိုး ၁၄/ဟသတ(နိုင်) ၂၁၈၀၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသသာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/64691, TVS dozz-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ထွန်း ၉/ခမစ(နိုင်) ၀၈၈၄၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/98100, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာအေးလှိုင် ၁၄/ဇလန(နိုင်) ၁၀၁၂၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသသာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/4864, Toyota Probox NCP 50 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၁၂/ကမရ(နိုင်) ၀၃၂၈၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/1445, Toyota Markx Gx12O S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသစ် ၁၂/သလန(နိုင်) ၀၇၇၈၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/9390, Bajaj 200(200CC) ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ဦး ၁၄/ဟသတ(နိုင်) ၃၀၅၇၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသသာတ)**

**မိခင်အမည်မှန်**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာ၊ အထက(ခွဲ) စက်ရုံကျောင်း Grade-9မှ မောင်ထက်ဦးယံ၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းဇူလှိုင်မြင့် ၁၃/လခတ(နိုင်)၀၂၉၀၄၄ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ လှူနေရပ်ကွက်အမှတ် (၇)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ် (၅၃၅/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်သန်းစိန်(၁၂/သကတ (နိုင်) ၁၀၃၄၆၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖွေးဖွေး (၁၂/သကတ (နိုင်) ၁၃၆၅၇၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးကျော်စိုးဦး**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ယုဇနလမ်း၊ မြေကွက်အမှတ် (၆၅)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးအောင်မျိုးသန့်(၁၂/ကခက (နိုင်) ၀၅၄၅၂၅)နှင့် ဒေါ်ထက်ထက်စုလှိုင်သိန်း(၁၂/ဥကတ (နိုင်) ၁၅၇၈၀၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇေယျာဝင်း (၁၂/ဒဂန (နိုင်) ၀၂၉၉၃၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၇၄၉/ခ၊ မြေကွက်တည်နေရာအမှတ် ၇၄၉/ခ၊ စစ်ကိုင်း(၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးထွန်းမောင် (၁၂/ဥကတ(နိုင်)၀၈၀၂၉၈)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဦးထွန်းမောင် ကွယ်လွန်သွားပြီးဖြစ်၍ အမွေဆက်ခံခွင့်ရှိသည့် သား/သမီးများဖြစ်ကြသော ဒေါ်တင်တင်ဦး၊ ဒေါ်တင်တင်အေး၊ ဒေါ်မူမူအေး၊ ဦးထွန်းရီ၊ ဒေါ်တင်တင်ခိုင်တို့ကိုတရားပြိုင်ထား၍ ဦးကျော်ဝင်းထွန်း၊ ဒေါ်ခင်အေးဆွေတို့က တရားလိုပြုလုပ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုဖြင့်စွဲဆိုသော တောင်ဥက္ကလာပ မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်-၂၃/၂၀၂၂၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၆/၂၀၂၃၏ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း (၁၂/မရက(နိုင်) ၀၄၇၆၁၆)မှ ဂရန်၊ နိုင်ကတ်၊ ဘီလစ်ခန့်စာ၊ တရားရုံး အထောက်အထားတို့ တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၂၃ဧကရှိ ဦးဇော်ထွန်း ၁၀/သကန(နိုင်)၀၄၄၈၈၉ (ဘ)ဦးသိန်းအောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၄၁၇)ကို ပဲခူးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၄၀၀/ ၂၀၂၃(၁၁-၇-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အိခိုင်မွန် ၉/ပဗသ(နိုင်)၀၁၂၇၆၁ (ဘ) ဦးတင်ဦးမှ ဒေါ်ဖြူမ ၁၁/ကတန(နိုင်)၀၈၀၈၉၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိသားစုဝင်အဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ ၁၈ လမ်း၊ အမှတ်(၁၃၈)၊ အခန်း(၂၀၄)နေ ကျွန်ုပ်တို့၏ မိသားစုဝင်များဖြစ်သော ဒေါ်တင်တင်စိန် ၁၂/လသန(နိုင်)၀၀၀၅၂၂နှင့်၎င်း၏သမီးဖြစ်သူ မဝတ်ရည်ပွင့်ဦး ၁၂/လသန(နိုင်)၀၂၂၉၆၄ တို့သည် ကျန်မိသားစုဝင်များအား အမျိုးမျိုးစိတ်ဆင်းရဲအောင် လုပ်ဆောင်ခဲ့ပါသဖြင့် မိသားစုဝင်များအဖြစ်မှ အပြီးတိုင် စွန့်လွှတ်ကြောင်းနှင့် ၎င်းတို့နှင့် ပတ်သက်သော မည်သည့်ကိစ္စမဆို ကျွန်ုပ်တို့ မိသားစုဝင်များနှင့် လုံးဝမသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးရင်နှင့် ညီအစ်ကိုမောင်နှမများ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ ကွင်းအမှတ်-၁၁/၂၈(က) ထားဝယ်စုကွင်း၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ ၀ဒသမ ၀၅၇ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၅၇/၂၀၀၉-၂၀၁၀ အရ ဒေါ်တင်ရီ၊ ဦးကြည်တင်အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့ ကွယ်လွန်ခဲ့သဖြင့် ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ်အမှတ်(၁၉၁/၂၀၂၂)ဖြင့် ဒေါ်မို့မို့အောင်မှ မြွက်ဟကြေညာခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မို့မို့အောင် ၆/မအရ(နိုင်)၀၂၆၇၅၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ နဝရက်(၁၁)လမ်း၊ မြေဧရိယာ(၁၁၈၅)စတုရန်းပေ၏ နှစ်(၆၀)မြေငှားဂရန်ပါရှိသောမြေကွက်နှင့် ၎င်းမြေ၏မြေပိုင်ရှင်အခွင့် အရေးအပါအဝင် ၎င်းမြေပေါ်၌ ဆောက်လုပ်ထားသော အမှတ်(၆၅/က/ခ)နှင့်(၂)ခန်းတွဲ RC(၅)ထပ်တိုက်၏ ယာဘက်၊ဒုတိယထပ်အခန်း၊ တိုက်ခန်း ဧရိယာ(၁၀၂၆)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူ ကိုမြတ်မင်းသူ (၁၂/သကတ(နိုင်) ၁၈၅၄၆၃)၊ ဇနီးမသဲနုဝေ (၁၄/မအန(နိုင်)၁၆၆၈၆၄)တို့မှ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြ၍ ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုနေထွန်းအောင် (၁၂/မဂတ(နိုင်) ၀၉၂၁၆၅)နှင့် မဆွေမြတ်ထူး (၁၂/သဃက(နိုင်)၁၈၈၂၁၈)တို့မှ အပြီးအပိုင်လွှဲပြောင်းရယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက် စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ရှိုင်းနီးမွန်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၅၃)**
**အမှတ်(၃)၊ ဘုရင့်နောင်(၁၇)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သုဝဏ္ဏ၊သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း ၀၉-၆၈၈၆၃၆၃၈၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၁)၊ ဗိုလ်ဂါမဏီလမ်း၊ မြေကွက်အမှတ်(၁၂၉၆)၊ မြေပေအကျယ်(၄၀.၆x၆၀)ပေ၊ ဧရိယာ(၀.၀၅၆)ဧက၊ စတုရန်းပေ(၂၄၃၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်၏ အမည်ပေါက်မှာ ဦးဝင်းဇော်နှင့် ဒေါ်အေးသဇင်သိန်းတို့ဖြစ်ပြီး ထိုမြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော RC(၂)ထပ်လုံးချင်း နေအိမ်အပါအဝင်ကို ဂရန်အမည်ပေါက်များထံမှ ဝယ်ယူရန် ဒေါ်ကေဇင်လင်း(၈/စလန(နိုင်)၀၀၁၃၃၃)က စရန်ငွေပေးချေထားပြီး အရှုပ်အရှင်းကင်းရှင်း၍ စရန်ပေးကာလအတွင်းမိမိမှ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အားအပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးပွင့်(၅/ဘတလ(နိုင်)၀၇၂၆၃၂)က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-

**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 61W/93788 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးရယ် ၂/ဒမဆ(နိုင်) ၀၀၀၀၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**လွိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 78W/30632 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကူးမြာနန်း ၂/လကန(နိုင်) ၀၆၄၈၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**လွိုင်ကော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9436, Toyota Probox Ncp51,Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင်ဦး(ခ) ရဲဇေနိုင် ၆/မအရ(နိုင်) ၀၈၅၉၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 69W/9414 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးဝင်း ၂/ဘလခ(နိုင်) ၀၀၇၄၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**လွိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 49W/75585 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်ထက်အောင် ၂/ဒမဆ(နိုင်) ၀၅၀၈၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**လွိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 46W/44538 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီတာ ၂/လကန(နိုင်)၀၆၅၃၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**လွိုင်ကော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/23148, Honda Dream NDယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းရွှေ ၆/သရခ(နိုင်) ၀၁၄၆၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 82W/78956 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီးမြ ၂/လကန(နိုင်)၀၇၂၀၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**လွိုင်ကော်**

## ဖခင်အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာ၊ အထက(ခွဲ) စက်ရုံကျောင်း Grade-9 မှ မောင်ထူးမြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၉/လဝန(နိုင်) ၁၀၄၇၂၇ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာ အထက(ခွဲ) စက်ရုံကျောင်း Grade-12မှ မလှိုင်းအိအိဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်သန္တာဝင်း ၉/လဝန(နိုင်) ၁၂၃၅၆၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/16072, Kenbo Click 125 ယာဉ်လက်ဝယ်ရှိသူ Immortal Moe Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/59142 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင်မြင့် ၇/ပခန(နိုင်)၃၇၂၅၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

